ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (20-8-2008) (၅၇၇၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ လာဇလို ဆိုလီယာမ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟန်ဂေရီဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟန်ဂေရီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖဲရယ့်စ်ဂျွတ်ချ်ဆာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

အလုပ်ကို ကြိုးစားလုပ်ကိုင်လိုသည့်စိတ် မွေးမြူပြီး ယခင်ကထက် ကြိုးစားလုပ်ကိုင် ကြိုးပမ်းရှာဖွေ၍ရရှိလာသည့်ဝင်ငွေကိုအကျိုးမဲ့သုံးဖြုန်းခြင်းမပြုဘဲ ချွေတာစုဆောင်း

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈နာရီ ၃၅မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လပွတ္တာခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့ အမှတ် (၈)ရပ်ကွက်ရှိ တိုင်းဝင်းဆန်စက်၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ရေလုပ်ငန်း ပြန်လည် ထူထောင်ရေးအတွက် ဒုတိယအကြိမ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အင်ဂျင်စက်များ၊ ဦးချွန်းပဲ့ချွန်းလှေများနှင့် ငါးဖမ်းကိရိယာမျိုးစုံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တိုင်းအဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်စွာကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြဧရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကြေးမုံ The Mirror
၂၀-၈-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်

ယခုအချိန်သည်မုတ်သုံလေအားကောင်းသောအချိန်အခါဖြစ်ရာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်နေသည်။

ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့၌ မြစ်ရေကြီးခြင်း၊မြေပြိုခြင်းများကြောင့် အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးခြင်း၊ လူရာနှင့်ချီ၍ ဘေးဒုက္ခများနှင့် ကြုံတွေ့ရလျက်ရှိသည်။

မြန်မာနိုင်ငံတွင်ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တွင် မြစ်ရေကြီးခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဒေသများ၌ လူနေအိမ်အချို့နှင့် မိုးစပါးခင်းအချို့ရေလွှမ်းခံရခြင်း၊ လမ်းပိုင်းအချို့ပျက်စီးခြင်း၊ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားရခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက် ကူညီစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရေကြီးမှုဖြစ်ပေါ်နိုင်သည့် မြို့ရွာများမှ ပြည်သူများအနေဖြင့် မြစ်ရေတက်ရောက်မှု အမှတ်အသားများကို ဂရုပြုစောင့်ကြည့်ခြင်း၊ မြစ်ရေတာပေါင်ရိုးတစ်လျှောက် မပြတ်စစ်ဆေးခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ မြို့ရွာရပ်ကွက် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းတို့ကို စီမံဆောင်ရွက်ထားကြရမည် ဖြစ်သည်။

ရေကြီးမှုအန္တရာယ်အပါအဝင် အခြားသော သဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများမရှိစေရေးအတွက်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံးကအချိန်အခါ ရာသီမလပ် လိုအပ်သည့် ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းလွန်ကျောင်း ပြန်လည်တည်ဆောက်ရန် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၂၇၀ လှူဒါန်း

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ပြင်ခရိုင်ကျေးရွာအုပ်စု ဘုန်းတော်ပြည့် ကျေးရွာရှိ မူလတန်းလွန်ကျောင်းတည်ဆောက်ရန်အတွက်အလှူငွေကျပ် သိန်း၂၀၀ နှင့်ကျောင်းသုံးပရိဘောဂများအတွက် ငွေကျပ်သိန်း ၇၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၂၇၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ပြင်ခရိုင်ကျေးရွာအုပ်စု ဘုန်းတော်ပြည့်ကျေးရွာရှိ မူလတန်းလွန်ကျောင်း ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ကျောင်းသုံးပရိဘောဂများအတွက် ငွေကျပ်သိန်း ၇၀ စုစုပေါင်း အလှူငွေကျပ်သိန်း ၂၇၀ ကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်က လာရောက်ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ငမိုးရိပ် (၇)လမ်းနေ ဦးချစ်ဖိုး၊ ဒေါ်လှကြည် သား၊သမီး၊မြေးတစ်စုက အလှူငွေကျပ်၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးဟံညွန့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန် ရတနာလမ်းနေ ဦးလှသောင်း- ဒေါ်ညွန့်ရီ သား၊သမီး၊မြေးတစ်စု (ချယ်ရီသင်း မော်တော်ပန်ကာလုပ်ငန်း)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်၊ မျက်စိတွင်းထည့် မှန်ဘီလူးနှင့် သံဃာ၊ သီလရှင်ဆေးကုသမှု အထူးရန်ပုံငွေအတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးသန်းထွန်း လက်ခံယူစဉ်။ (ကြေးမုံ)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် **"ကမ္ဘာ့မိခင်နို့တိုက် ကျွေးရေး ရက်သတ္တပတ်အခမ်းအနား"** ကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီတွင် လားရှိုးမြို့နယ်အသင်း ခန်းမ၌ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန် ဒေါက်တာဒေါ်အေးအေးမူက မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပညာပေးဟောပြောခြင်းနှင့် စနစ်တကျတိုက်ကျွေးခြင်းကို လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင် အားဆေးနှင့် အသိပညာပေး စာစောင်များ၊ ပိုစတာများနှင့် ဝတ်စုံတစ်စုံစီနှင့် နို့တိုက်မိခင်များအား သံဓာတ်အားဖြည့်ဆေးနှင့် ပညာပေးစာစောင်များ၊ ပိုစတာများနှင့် ဝတ်စုံတစ်စုံစီတို့ကို တစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား ရွာကောက်မြို့သစ်ရပ်နေ ဦးခင်မောင်ညွန့်-မဝင်းမာ၊ သား အောင်ကိုကိုမောင်၊ ထက်ညီညီမောင်၊ စိုင်းဝေယံအောင် မိသားစုတို့က ရွှေကုက္ကားကျောင်းတိုက်အတွင်း တည်ဆောက်မည့် ဓမ္မာရုံကျောင်းတော်ကြီးအတွက် မတည်အလှူငွေကျပ် လေးသိန်းငါးသောင်း လှူဒါန်းစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်

နေပြည်တော် ဩဂုတ် ၁၉

အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည်အချင်းပြည့်ဝ၍ လုပ်ငန်းတာဝန်များ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် e-Government လုပ်ငန်းအဆင့် တိုးမြှင့်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအားလုံး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၂၁) အလုပ်သမားဝန်ကြီးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁) ဝန်ထမ်း ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ ခုနှစ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ကျွမ်းဘား ပြိုင်ပွဲတွင် ပထမ ရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တံခွန် စိုက်ဒိုင်း ဆုကြီးကို ပေး အပ် ချီး မြှင့်စဉ်။
(သတင်းစဉ်)

၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဂျူဒို/ကျွမ်းဘားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒို/ကျွမ်းဘားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဂျူဒိုပြိုင်ပွဲတွင် ပထမရရှိသော မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် ကျွမ်းဘားပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့အား တံခွန်စိုက်ဒိုင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဂျူဒိုပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဇနီး၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက ဂျူဒိုပြိုင်ပွဲနှင့် ကျွမ်းဘားပြိုင်ပွဲများတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ဆုရရှိသူများ၊ အကောင်းဆုံး အားကစားသမား ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် ကျွမ်းဘားအဖွဲ့ချုပ်တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲ အတန်းလိုက် တံခွန်စိုက်ဒိုင်းဆုနှင့် ကျွမ်းဘားပြိုင်ပွဲ အတန်းလိုက် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဂျူဒိုပြိုင်ပွဲတွင် ပထမရရှိသော မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် ကျွမ်းဘားပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့အား တံခွန်စိုက် ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်သည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဂျူဒိုအသင်းသည် ယခုနှစ်အပါအဝင် နှစ်နှစ် ဆက်တိုက်ဗိုလ်စွဲသွားသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် ကျွမ်းဘားအသင်းသည် ယခုနှစ်အပါအဝင် ၁၉နှစ် ဆက်တိုက်ဗိုလ်စွဲသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရေဝတီတိုင်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဩဂုတ် ၁၉

ရေဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းအတွင်းရှိ ရေဝတီတိုင်း မြို့နယ်အသင်းများ၏ နဝမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဩဘာသ အမှူးပြုသည့် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီး ၁၆ ပါးနှင့် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌတို့ ပါဝင်သည့် ဆရာတော်၊ သံဃာတော် ၁၈ ပါးတို့အား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဆွမ်းတို့ကို ရေဝတီတိုင်းဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်း အတွင်းရှိ ရေဝတီတိုင်း မြို့နယ်အသင်းများ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (ကြေးမုံ)

ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ ဆုချီးမြှင့်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာ ရည်ချွန်ဆုချီးမြှင့်စဉ်။ (အမှတ်-၂လျှပ်စစ်)

နေပြည်တော် ဩဂုတ် ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၁၆ ရက်တွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသည့် မခိုင်မြတ်မွန်၊ မရတနာအောင်၊ မထားထားဦးနှင့် မအိမ့်သန္တာဦးတို့အား ငွေကျပ်လေးသိန်းစီကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က ငါးဘာသာဂုဏ်ထူးရရှိသည့် မောင်ဥက္ကာကျော်အား ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ခြောက်ဘာသာဂုဏ်ထူးရရှိသည့် မခိုင်အိမွန်၊မဟန်နီစုလှိုင်နှင့် မအိမွန်မွန်ကိုတို့အား ငွေကျပ်ခြောက်သိန်းစီကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တစ်ဘာသာ၊ နှစ်ဘာသာနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၄၃ဦးအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၁သိန်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ ကြေးငွေကျပ်သိန်း ၄၀၀ စုစုပေါင်းငွေကျပ် ၄၇၁သိန်းကို ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပေးအပ်ရာ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက လက်ခံသည်။

၂၅၆ ဦး အောင်မြင်

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဝန်ထမ်းသား၊သမီး ၂၅၆ ဦး အောင်မြင်ခဲ့ပြီး ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူ ၅၁ ဦးရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ်၁၇ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းမဏ္ဍပ်၌ ဘိုကလေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၃ကျောင်းမှ သံဃာတော် အပါး၉၀၀ကျော်တို့အား အရုဏ်ဆွမ်းလောင်းလှူပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဩဂုတ်၁၈ရက်တွင် ဖျာပုံမြို့ ဧရာကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး၌ ဒေသခံပြည်သူရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကာ ကျေးရွာရှိ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်၁၀သိန်းနှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွင်း စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ တင်ပြချက်များအပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းပြီး တိုက်နယ်ပြည်သူ့ ဆေးရုံသို့ သွားရောက်၍ လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံအတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ်၁၉တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် Mogok Rride သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ကြမ်းခင်းပြား ထုတ်လုပ်နေမှုများ၊ သစ်၏ ကျုံ့ကြွမှု တိုင်းတာစစ်ဆေးခန်း၊ တန်ဖိုးမြှင့် သစ်ခွဲသားများ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိသော ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ပျဉ်းမ၊ တန်ဖိုးမြှင့် သစ်ခွဲသားများကို ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် Beautiful Wood Industry သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့်၊ တရုတ်ရိုးရာပရိဘောဂများ ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး တန်ဖိုးမြှင့်သစ်ခွဲသားများအား ပြည်ပတင်ပို့ရန်ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျွန်း၊ ပျဉ်းကတိုး၊ ထောက်ကြံ့၊ ပိတောက်၊ တမလန်း၊ တန်ဖိုးမြှင့် သစ်ခွဲသားများနှင့် ပရိဘောဂများကို ထိုင်း၊ မလေးရှား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် Beautiful Wood Industry သစ်အချောထည် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၃၃) ဓမ္မရိပ်သာ သုံးထပ်ဝိပဿနာဗိမာန်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၁၉

အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ခဝဲခြံ(၂)လမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ (၁၃၃) တွင် ဆောက်လုပ်လျက်ရှိသော သုံးထပ်ဝိပဿနာ ဓမ္မဗိမာန်တော်ကြီး အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲများ ကျင်းပလျက်ရှိရာ တောင်ဥက္ကလာပမြို့နယ် သစ္စာဉယျာဉ်အိမ်ရာနေ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ခင်ဆင့် မိသားစု၊ မရမ်းကုန်းမြို့နယ် ကန်သာယာလမ်းနေ ဗိုလ်မှူးပန်းအောင်နှင့် သမီး မချိုမမတို့အား ရည်စူး၍ ဒေါ်ခင်ညွန့်ညွန့်မိသားစု၊ ရွက်လှလမ်းနေ ဦးရန်နိုင်-ဒေါ်လှလှထွေး မိသားစု၊ လမ်းမတော်မြို့နယ်နေ ဦးမင်းရောင်-ဒေါ်ခင်ရီ မိသားစုက စတုတ္ထအကြိမ်နှင့် စမ်းချောင်းမြို့နယ် ပန်းတနော်လမ်းနေ ဦးသံဆင်မြင့်-ဒေါ်ခင်မြင့်လှိုင် မိသားစုတို့ကငွေကျပ် ၁၀၀၀၀၀ စီ၊ ကျောက်မြောင်းနေ ဒေါ်မြမြတ်ဦးက ငွေကျပ် ၁၃၂၀၀၀၊ ရွက်လှလမ်းနေ ဦးကျော်ရှင်း-ဒေါ်မြင့်ကြည် မိသားစုက တတိယအကြိမ် ငွေကျပ် ၁၅၀၀၀၊ ရွက်လှလမ်းနေ ဦးထွန်းအောင်-ဒေါ်သန်းသန်းအေး မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက ငွေကျပ် ၆၂၀၀၀၀၊ မိခင် ဒေါ်ကျင်ပိုးအားရည်စူး၍ ဖခင် ဦးတက်ငှာအား အမှူးထားလျက် အလုံမြို့နယ် ငုဝါလမ်းနေ ဦးမြင့်ဆွေက တတိယအကြိမ် ငွေကျပ် ၁၃၀၀၀၀၀ တို့ကို အသီးသီးလှူဒါန်းကြရာ ပဓာန နာယက ဆရာတော်ရွှေမှောက်၌ ဓမ္မရိပ်သာ အမှုဆောင်များက လက်ခံကြသည်။

အဆိုပါ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၁၃၃) ၏ (၆၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို စက်တင်ဘာ ၁ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တအဂ္ဂသာရအရှင်သူမြတ်က ခန္ဓာဉာဏ်ရောက်တရားတော်များ ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူများနှင့် သုံးထပ်ဝိပဿနာဓမ္မဗိမာန်တော်ကြီးအတွက် အလှူငွေလှူဒါန်းလိုသူများသည် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၃၃) ဖုန်း-၆၅၃၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စစ်တွေမြို့၌ ရဟန်းသာမဏေအတုအယောင်များ၊ သမဏသာရုပ္ပ မဖြစ်သောရဟန်းသာမဏေများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်သွားရေးနှင့် စပ်လျဉ်းပြီး သာသနာရေးဆိုင်ရာများလျှောက်ထား

နေပြည်တော် ဩဂုတ် ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ ပြည်နယ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီး ၂၈ ပါးတို့အား ဩဂုတ် ၁၈ရက် နံနက်၉နာရီခွဲတွင် စစ်တွေမြို့ လောကာနန္ဒာစေတီ မဟာဝေယန်သာသနာ့ဗိမာန်တော်၌ ရခိုင်ပြည်နယ် သာသနာရေးဦးစီးဌာနမှ ခေတ္တပြည်နယ် သာသနာရေးမှူးဦးတင်ဝင်းက ရဟန်းသာမဏေအတုအယောင်များ၊ သမဏ သာရုပ္ပမဖြစ်သော ရဟန်းသာမဏေများနှင့်ပတ်သက်၍ ဝိနည်းအရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားရေးနှင့်စပ်လျဉ်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ရခိုင်ပြည်နယ် သာသနာရေးဦးစီးဌာနမှ ခေတ္တပြည်နယ် သာသနာရေးမှူး ဦးတင်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် **ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား-**

၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်နယ်/တိုင်း အစရှိသော သံဃနာယကအဖွဲ့အဆင့်ဆင့်တို့သည် "သံဃာ့ကိစ္စ၊ သံဃာဆောင်ရွက်"ဟူသော အခြေခံမူအရ ဝိနည်းတရားတော်အရသော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများအရသော် လည်းကောင်း ဆောင်ရွက်လာခဲ့သည်မှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ သက်တမ်း(၂၈)နှစ် ကာလသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်ဘုရား၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အဓိကတာဝန်ကြီးဖြစ်သော

(၁) သာသနာတော်သန့်ရှင်းရေး
(၂) သာသနာတော်တည်တံ့ရေး
(၃) သာသနာတော်ပြန့်ပွားရေး

ဟူသော အဓိကတာဝန်ကြီးသုံးရပ်ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ သံဃနာယက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ခဲ့သော ဓမ္မစက်ကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ကိစ္စရပ်များတွင် အာဏာစက်ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် အစိုးရအဖွဲ့အစည်း အဆင့်ဆင့်တို့ ဆရာ-ဒကာ လက်တွဲ၍ သာသနာတော် သန့်ရှင်းရေးအတွက် ဓမ္မစက်-အာဏာစက်တို့ဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း သမဏသာရုပ္ပ မဖြစ်သော အပြုအမူများကို ပြုလုပ်ကြသည့် ရဟန်း သာမဏေများနှင့် ရဟန်းသာမဏေအတုအယောင်များမှာ အရေအတွက်အားဖြင့် နည်းပါးသော်လည်း ပျောက်ကွယ်သွားခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်ဘုရား။

ဥပမာအားဖြင့်စစ်တွေမြို့ ဆတ်ရိုးကျကျေးရွာနေ ဉာဏချေ(ခ)မောင်လှသိန်း(၂၂)နှစ် (ဘ)ဦးမောင်ထွန်းသာ၊ စက်ရုံစုအကွက်(၁)နေ မောင်မောင်ကြီး (ခ) တောင်မော်(၃၈)နှစ် (ဘ) ဦးအလုံးမောင်၊ မင်းကျော်စိုး(၂၀)နှစ် (ဘ) ဦးစံမြကျော်၊ မောင်မောင်(၂၅)နှစ်(ဘ)ဦးမောင်သာနု၊ ဇော်ဌေး(၂၀)နှစ် (ဘ)ဦးတင်ရွှေနှင့် စစ်တွေမြို့နယ် ဗျိုင်းဖြူရွာနေ ဦးအောင်ညွန့်(၅၇)နှစ် (ဘ) ဦးဝါဖြူအောင်တို့သည် သိက္ခာမတင် သိမ်မဝင်ဘဲ သင်္ကန်းဝတ်လျက် ရဟန်းအသွင်ဆောင်ကာ အလှူခံစားသောက်နေကြောင်း သတင်းရရှိသဖြင့် ဩဂုတ် ၁၄ ရက်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရယကပူးပေါင်းအဖွဲ့မှ ၎င်းတို့နေထိုင်ရာ အိမ်များသို့ ဝင်ရောက်စစ်ဆေးရာ ၎င်းတို့သည် ကျပန်းအလုပ်များ လုပ်ကိုင်ရင်း ယခုကဲ့သို့ရဟန်းအသွင်ဆောင်ကာ အလှူခံစားသောက်နေကြောင်း သက်သေခံသင်္ကန်းဟောင်းနှင့်တကွ ဖော်ထုတ်ဖမ်းဆီးရမိပြီး ပုဒ်မ-၂၉၅ (က) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်ဘုရား။ ထို့ပြင် ရဟန်းငယ်၊ ရှင်ငယ်အချို့သည် အရက်သေစာ သောက်စားမူးယစ်ခြင်း၊ သမဏသာရုပ္ပမဖြစ်သော အပြုအမူများ ကျူးလွန်ခြင်းတို့ကြောင့် ဝိနည်းတော်အရ ဩဝါဒပေးခြင်း၊ လုပ်ထုံးလုပ်နည်းများအရပါ အရေးယူခြင်းများ အပြင် အချို့ကိစ္စများတွင် တရားဥပဒေအရပါ အရေးယူခဲ့ရသည်များကိုလည်း ဆရာတော်ကြီးများ သိရှိပြီးဖြစ်ပါသည်ဘုရား။

ဉာဏချေ(ခ)မောင်လှသိန်းအပါအဝင်ခြောက်ဦးတို့သည် ရဟန်းသာမဏေအသွင်ကိုယူ၍ အလှူခံစားသောက်ခြင်းသည်အတုအယောင်ဖြစ်ကြောင်း ခေါ်ယူစစ်ဆေးမှုသာ ပေါ်ပေါက်ခြင်းဖြစ်ပြီး သာမန်အားဖြင့် ရဟန်းရှင်လူတို့ အမြင်တွင်မူ ရဟန်းသာမဏေဟုသာ မြင်ကြပါလိမ့်မည်ဘုရား။ ထိုပုဂ္ဂိုလ်တို့၏ အပြုအမူကြောင့် ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်သော သံဃာတော်များ၏ ဂုဏ်၊ သာသနာတော်ကြီး၏ဂုဏ်ကိုပါထိခိုက်စေပါသည်ဘုရား။ ထို့အတူအရက်သေစာ သောက်စားမူးယစ်ခြင်းနှင့် သမဏသာရုပ္ပမဖြစ်သော အပြုအမူများကို ကျူးလွန်ကြသော ရဟန်းသာမဏေအချို့၏ လုပ်ဆောင်မှုများသည် သာသနာတော်ကို ကြည်ညိုဆည်းကပ်ကြသော ဗုဒ္ဓဘာသာဝင်တို့၏သဒ္ဓါတရားကိုထိခိုက်စေပြီး အခြားဘာသာဝင်တို့က ဝမ်းမြောက်စရာ၊ လက်ညှိုးထိုးကဲ့ရဲ့စရာများ ဖြစ်ရပါသည်ဘုရား။

ဤကဲ့သို့ တပည့်တော်တင်ပြလျှောက်ထားခဲ့သည့်ရဟန်းသာမဏေများနှင့်ပတ်သက်၍ ဆရာတော်ကြီးများအနေဖြင့် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားလွှာများအရ ထိရောက်စွာ အရေးယူပေးပါရန်နှင့် မိမိတို့ တပည့်ငယ်ရဟန်းငယ်များအား ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ ကျောင်း/ကျောင်းတိုက်စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်ရေးတို့ကို အခါအားလျော်စွာ ဆုံးမဩဝါဒပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ တပည့်တော်တို့ အစိုးရဝန်ထမ်းဌာနဆိုင်ရာတို့အနေဖြင့် ဆရာတော်ကြီးများ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော ဓမ္မစက်အပေါ် အာဏာစက်ဖြင့် ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းလျှောက်ထားရင်းနိဂုံးချုပ်အပ်ပါသည်ဘုရားဟုလျှောက်ထားသည်။

ထို့နောက် အခမ်းအနားကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀ ၇။ သီချင်းကြီးပဒေသာ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၁၅ ၃။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၄း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၅။ အဆိုပြိုင်ပွဲ
၄း၄၀ ၆။ "မပြောမပြီး မတီးမမြည်" (နေရဲလင်း၊မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း) (ဒါရိုက်တာ-မောင်မောင်မြင့်)
၅း၀၀ ၇။ တေးဂီတ အစီအစဉ်
၅း၁၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀၁၀။ မိုးလေဝသအခြေအနေ
၆း၃၅၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၅၀၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၅၁၃။ ဆိုလိုက်ကြစို့
၈း၀၀၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး အတီး ပြိုင်ပွဲ(သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲ) (မောင်အောင်ကိုဝင်းနှင့်အဖွဲ့)(တတိယဆု) (ရန်ကုန်တိုင်း) (ပထမပိုင်း)
၁၈။ အစီအစဉ်ပြီး၏။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များအား ပြန်လည်တည်ဆောက်

သတင်းဆောင်းပါး၊ ဓာတ်ပုံ
သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများမှ ကျောင်းဆောင်များအား အကုန်အကျခံကာ အကြီးစားပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေကြောင်း တွေ့မြင်သိရှိနေပါသည်။

ထို့ကြောင့် အဆိုပါကျောင်းဆောင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြို့တော်ဝန်ခင်ဗျား၊ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း ပြိုကျပျက်စီးခဲ့တဲ့ကျောင်းဆောင်တွေကို အသစ်ပြန်လည်တည်ဆောက်နေတာ သိရပါတယ်။ အဲဒီလုပ်ငန်း အစီအစဉ်တွေကို သိရှိလိုပါတယ်။

"ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းမှာ မုန်တိုင်းဒဏ်ကြောင့် လုံးဝပြိုကျ ပျက်စီး

ပြိုပျက်သွားသော ကျောင်းဆောင်နေရာ၌ သစ်ထည်လုံးဝမသုံး၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် Steel Structure ကျောင်းဆောင်အသစ် ဆောက်ပေးနေသည့်အတွက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများကလည်း ဝမ်းသာပီတိဖြစ်ရသည်။

သွားတာ ကျောင်းဆောင် ၅၇ ဆောင်၊ အကြီးစားပြုပြင်ရန် ကျောင်းဆောင်နှစ်ဆောင် ရှိပါတယ်။ ဒီလိုပြန်လည်တည်ဆောက်ပေးခြင်း၊ အကြီးစားပြန်လည် ပြုပြင်ပေးခြင်း လုပ်ငန်းအားလုံးရဲ့ ကုန်ကျစရိတ်တွေကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လုံးဝဥဿုံ တာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပါတယ်"

ရည်ရွယ်ချက်ကိုပြောပြပေးပါခင်ဗျား-

"ကျောင်းအသီးသီးမှာနေကြတဲ့ ဒီကလေးငယ်တွေဟာ အနာဂတ်အတွက် အားထားရမယ့် သွေးသစ်တွေဖြစ်ပါတယ်။ ဒီကလေးတွေ စိတ်ဓာတ်အပြည့်နဲ့ စာကြိုးစား

ကျွန်တော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသား တစ်ယောက်ပါ။ ဒီလုပ်ငန်းတွေ လုပ်နေရတာဟာ ကျွန်တော်တို့ရဲ့ တာဝန်လို့ခံယူပါတယ်။

ဦးဇော်ဝင်း
ဌာနမှူး
အင်ဂျင်နီယာဌာန
(အဆောက်အအုံ)

ကြမယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ရှိလာမယ်။ ပြီးတော့ စိတ်ဓာတ်ခိုင်မာ တည်ကြည်တဲ့ လူငယ်တွေဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့ အားကိုးရမယ့် မျိုးဆက်သစ်တွေရလာမှာပါ။ ဒါဟာ ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရဲ့ အဓိကရည်ရွယ်ချက်ပါ။ ဒါကြောင့် ကျောင်းတွေဟာ အလွန်အရေးကြီးပါတယ် "

တည်ဆောက်မှု အပိုင်းကိုလည်း ပြောပြပေးပါ-

" ပြိုကျပျက်စီးခဲ့ရတဲ့ ကျောင်းများက ကျောင်းသား၊ ကျောင်းသူတွေရဲ့ အခက်အခဲကို ချောမွေ့စေဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးနဲ့ အင်ဂျင်နီယာတွေရဲ့ နည်းပညာပံ့ပိုးမှု၊ ကူညီတည်ဆောက်ပေးမှုကို ရယူခဲ့ပါတယ်။ ကဲ. . . အတော်ပဲ။ ကျောင်းဆောင်တွေ တာဝန်ယူတည်ဆောက်နေတဲ့ ဌာနမှူး ဦးဇော်ဝင်း ရှိနေတယ်၊ မေးကြည့်ပါ "

ကျောင်းဆောင်တွေ ဆောက်တဲ့နေရာမှာ အပြည့်အဝ ကူညီနေမှုကို ပြောပြပေးပါ။

"ကျွန်တော်က အသင်းသား တစ်ယောက်ပါ။ ကျွန်တော် ဦးဆောင်ပြီး ဒီလုပ်ငန်းတွေ လုပ်နေရတာဟာ ကျွန်တော်တို့ရဲ့ တာဝန်လို့ ခံယူပါတယ်"

ဒီလောက်များတဲ့ကျောင်းဆောင်တွေကို ဘယ်လိုများ တာဝန်ခွဲဝေတည်ဆောက်နေပါသလဲ။

"တည်ဆောက်တဲ့နေရာမှာ အင်ဂျင်နီယာလက်ထောက်ဌာနမှူး ဦးစိုးလွင်၊ အင်ဂျင်နီယာဌာနခွဲမှူးများ ဖြစ်ကြတဲ့ ဦးနေဝင်း၊ ဦးကြည်မြင့်၊ ဦးခိုင်ဇော်ဝင်း၊ ဦးကျော်မိုးတို့ကအဓိကပါ။ ကျန်အခြားအင်ဂျင်နီယာတွေကိုလည်း တာဝန်အဆင့်ဆင့်ပေးသွားပါတယ် "

မြို့တော်ဝန်ခင်ဗျား၊ အသစ်ပြန်လည်တည်ဆောက်တဲ့ ကျောင်းဆောင်တွေ တည်ဆောက်မှု အချိန်ကာလကို သိပါရစေ။

" အဓိက ကျွန်တော့်ဆန္ဒက အခုပညာသင်နှစ် မှာ ပြီးဖို့ပါပဲ။ ပြီးဖို့ဆိုတဲ့နေရာမှာ အစောဆုံးနဲ့အမြန်ဆုံး ပြီးရမယ်၊ လှပသေသပ်ပြီး ရေရှည်ခိုင်ခံ့တဲ့ အဆောက်အအုံတွေဖြစ်ရမယ်။ ကျွန်တော်ပြီးချင်တဲ့ အချိန်ကို ဌာနမှူးနဲ့ရော၊ အင်ဂျင်နီယာတွေနဲ့ပါ ညှိနှိုင်းအတည်ပြုချက် ရယူခဲ့ပါတယ်။

"အလျားပေ ၁၆၀ × အနံပေ ၃၀ ရှိတဲ့ နှစ်ထပ်ကျောင်းဆောင်ဆို သုံးလ၊ အလျားပေ ၁၂၀ × အနံပေ ၃၀ ရှိတဲ့ တစ်ထပ်ကျောင်းဆောင်ဆို ၄၅ ရက်နဲ့အပြီးပါ။ ဒီလိုတည်ဆောက်ရာမှာလည်း RC Foundation ကို အခြေခံတဲ့အပြင်၊ သစ်ထည်လုံးဝမသုံး၊ ရေရှည်တည်တံ့ခိုင်မြဲဖို့ Steel Structure ကိုအသုံးပြုထားပါတယ်။

"ကျောင်းဆောင်များ တည်ဆောက်ရာမှာလဲ ကလေးတွေရဲ့ ကျန်းမာရေးကို အဓိကထားပြီးတော့ ကြမ်းခင်းပြင်ကို မူလမြေပြင်မှ လေးပေမြှင့်ထားပါတယ်။

ကျောင်းဆောင်ပတ်ဝန်းကျင် ရေမဝပ်စေရအောင် မြေပြင်ကနေ ကြမ်းခင်းအထိ လေးပေမြှင့်၍ တည်ဆောက်ထားသည်။

အကြီးစားပြန်လည် ပြုပြင်ပေးခြင်းလုပ်ငန်းအားလုံးရဲ့ ကုန်ကျစရိတ်တွေကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လုံးဝတာဝန်ယူ ဆောင်ရွက်နေပါတယ်။

ဗိုလ်မှူးချုပ်အောင်သိန်းလင်း
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း
ဗဟိုအလုပ်အမှုဆောင်
(ရန်ကုန်တိုင်းတာဝန်ခံ)

ပြီးတော့ ကျောင်းဆောင်တွေမှာ လေဝင်လေထွက်ကောင်းအောင်၊ သဘာဝအလင်းရောင် ရရှိအောင်၊ ကျောင်းဆောင်ပတ်ဝန်းကျင် လုံးဝရေမဝပ်အောင် စတဲ့ အချက်အလက်တွေ အပြည့်အဝ ထည့်သွင်း တည်ဆောက် ထားခိုင်းပါတယ် "ဟု ပြောပြခဲ့ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "မသေခင်ကပြင်ဆင်ကြ"တရားတော် ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ
၇း၅၀ - ၁း၅၀ Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)
၈း၂၀ - ၂း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅ ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ
၉း၀၀ - ၃း၀၀ ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀ တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅ ခါးနာရောဂါအကြောင်းသိကောင်းစရာ (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၉း၅၀ - ၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅ ရေပျော်ငှက်တို့ နားခိုရာ
၁၀း၀၅ - ၄း၀၅ တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀ မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅ Celebrity Profile (Britney Spears)
၁၀း၄၅ - ၄း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀ မပြောမပြီးမတီးမမြည် (နေရဲလင်း၊ ဖိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ သိမ့်ချယ်၊ နိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၁း၂၀ - ၅း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀ Yangon Panorama (MEGA LIFESCIENCES ရဲ့ Glow ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၁၁း၅၅ - ၅း၅၅ သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစေရာစိုက်ပျိုးနည်းပညာ)
၁၂း၀၅ - ၆း၀၅ တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဆေးဖက်ဝင်ပင်ပွားကျောက်ကျော၊ Mango ပူတင်းဂျယ်လီကျောက်ကျော)
၁၂း၃၅ - ၆း၃၅ Myanmar Video Rhythm
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendlies ဘောလုံးပွဲစဉ်များ

၁း၀၀ England-Czech Republic Star Sports (Live)

Beijing Olympic အားကစားပြိုင်ပွဲအစီအစဉ်များ

၃း၃၀ Beijing Olympic 2008 MRTV-4 (Live) အားကစား ပြိုင်ပွဲအစီအစဉ်များ

နေ့အိပ်မက်များ ထင်ရှားဖြစ်ပြီ

ဒေါက်တာလွင်ကို

ဆရာမြင့်ဦး ရေးလိုက်သောစာကိုဖတ်ရ၍ ဝမ်းသာကြည်နူးဖြစ်မိပါသည်။ ဆရာခင်ဗျား အောင်မင်္ဂလာခန်းမ (မိတ္ထီလာ)၌ ဆရာပြောခဲ့သောစကားများကို ကျွန်တော်မမေ့နိုင်ပါ။ ဒီ တီဘီရောဂါ အမြစ်ပြတ်ဖို့ To cut the change of transmition ရောဂါကူးစက်မှုလမ်းကြောင်းကိုဖြတ်ဖို့၊ ဒီတော့ **"တွေ့အောင်ရှာ နိုင်အောင်တိုက်"** ဆိုတဲ့ စကားလိုပဲ ဝေဒနာရှင်ကိုဖော်ထုတ်၊ အထူးသဖြင့် သလိပ်ပိုးတွေ့ လူနာပေါ့။ ဒီလူနာကို မြန်မြန်ပျောက်အောင် ကုပေးလိုက်ရင် နောက်ထပ်ကူးစက်မှုလမ်း ပြတ်သွားမှာပဲတဲ့။

နောက်တစ်ခု ကျွန်တော်မှတ်မိသေးတယ်။ Tuberculosis Impact အကြောင်း။ ဂေါက်သီးသမားရိုက်တာ Impact ကောင်းရင်၊ မှန်ရင် အားသိပ်မစိုက်ရဘဲ ပိုပြီးထိရောက်တဲ့အကြောင်း ဂေါက်သီးဘောလုံးဝေးဝေးပြေးတာနဲ့ ယှဉ်ပြောသွားတာလေ။ တီဘီ Impact ဆိုတာ (1)case finding လူနာသစ်ရှာဖွေခြင်း၊ (2) case Registration ရှာဖွေထားသူလူနာများကို ဆေးပေးရန် မှတ်ပုံတင်ခြင်း (ဆေးပေးခြင်း)၊ (3)cure rate ဆေးပေးသောအခါတွင်လည်း အချိန်/ရက် မှန်မှန်သတ်မှတ်ကာလပြီးမြောက်အောင် ဆေးသောက်ခြင်းနှင့် ဆေးမဖြတ်မီ သလိပ်နှစ်ကြိမ် စစ်သောအခါ ပိုးမတွေ့ခြင်း၊ (4)Drug Efficacy ကောင်းမွန်သောဆေးဝါးများ၊ မှန်ကန်သော အတွဲအလိုက် သောက်သုံးခြင်းတို့အပေါ်မှာ မူတည်ပါတယ်တဲ့။ ဒီလေးချက်မှာ တစ်မှတ်ကလေးမှ (၈၀%) အောက်ကျဖို့မဖြစ်ပါဘူးတဲ့။ ဆရာရေးပြသွားတဲ့ ဇယားလေးကို ကျွန်တော်မှတ်မိနေပါသေးတယ်။

TB Impact (အဆုတ်ရောဂါ တိုက်ဖျက်ရေး အကျိုးသက်ရောက်မှု)

	Case finding	Case Registration	Cure Rate	Drug Efficacy	TB Impact
1.	80%	80%	80%	80%	40.96
2.	70%	90%	70%	90%	39.69
3.	60%	100%	60%	100%	36

ဆရာပြောသွားတာ ကြက်သီးထစရာတစ်ခုရှိပါသေးတယ်။ TB Impact(40) မရှိရင် အဲဒီနိုင်ငံရဲ့ NTP= National Tuberculosis Program ဟာ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး။ ပိုပိုပြီး အခြေအနေဆိုးဖို့ပဲရှိတယ်လို့ ဆရာ ဂျပန်မှာ သင်တန်းတက်တုန်းက ပါမောက္ခ အိရှိုဂါဝါက ပြောတယ်တဲ့။ TB Impact(40) မရှိရင် အဲဒီနိုင်ငံမှာရှိတဲ့ NTP က ဝန်ထမ်းတွေ ဘာမှမလုပ်ဘဲအိပ်နေ အချိန်တန်လစာထုတ်တာကမှ အဲဒီနိုင်ငံရဲ့ အဆုတ်ရောဂါရဲ့ကပ်ဆိုးက သက်သာလိမ့်ဦးမယ်ဆိုပါတယ်။

ဆရာရေးပြထားတဲ့ ဇယားကိုကြည့်ရင် ကျွန်တော်လုပ်ရမည့်အလုပ်။ သုံးရမည့်ဆေးရဲ့ စွမ်းအားတွေကို (၈၀%)အောက် နည်းနည်းမှ လျှော့လို့ မရဘူးဆိုတာ သိသာလှပါတယ်။ အထူးသဖြင့် Case finding (လူနာသစ်ရှာပြီး) Cure rate ပြည့်ပြည့်ဝဝပျောက်အောင် ကုသပေးတာဟာ အရေးအကြီးဆုံးဆိုတာထင်ရှားပါတယ်။ တွေ့အောင်ရှာ နိုင်အောင်တိုက်ဆိုတာ အမှန်ပါပဲ။

ကြည့်လေ၊ Cure rate (70%) ကျသွားတာနဲ့ TB Impact က(၄၀)မပြည့်တော့ဘူး။ Case finding (60%)။ Cure rate ကလည်း (60%) ကျသွားခဲ့ရင် အခြားဘက်ကကြိုးပမ်းမှု ရာနှုန်းပြည့်ရင်တောင်မှ TB Impact က (၃၆) ရှိတော့တယ်။ အဲဒီလိုဆို NTP က ဝန်ထမ်းတွေ ဘာမှမလုပ်ဘဲ လခထုတ်ချိန်မှ လာထုတ်တာက၊ တီဘီကပ်ဆိုးကြီးသက်သာလိမ့်ဦးမယ်ဆိုတဲ့ သဘောပါပဲ။ အထူးသဖြင့်တော့ (Case finding) လူနာသစ်ဖော်ထုတ်ရေးက ဆေးပြည့်ပြည့်စုံစုံပေးနိုင်မှ၊ နိုင်နိုင်နင်းနင်း ကြီးကြပ်နိုင်မှ ဖော်ထုတ်တာ ကောင်းတဲ့အကြောင်း၊ ဒီလိုမှမဟုတ်ရင် ဆေးယဉ်ပါးမှုတွေများပြီး ပိုအန္တရာယ်ကြီးကြောင်း အပြင် WHO က (Cure rate) ပျောက်ကင်းနှုန်း (85%) အနည်းဆုံးရှိဖို့ ဆော်ဩထားတယ်မို့လား။

အဲဒီတုန်းက ဆရာ ရင်ဖွင့်သွားခဲ့တယ်လေ။ ကျွန်တော့်ရဲ့ နေ့အိပ်မက် (day dream) က ကျွန်တော်သာ ဒီတစ်သက်စားမကုန်အောင် ဖြစ်ခဲ့ရင် ပိုတဲ့ငွေတွေနဲ့ TB လူနာတွေ ဆေးဝယ်မစားရအောင် (Free issue)အခမဲ့ ဝေပစ်မှာတဲ့၊ ဆရာ့အတွေးက ကလေးအတွေးပဲလို့ ကျွန်တော်ထင်ခဲ့တာ စိတ်မရှိပါနဲ့ဆရာ။ ကျွန်တော်လဲ ရင်ထဲမှာ ဝေဒနာတစ်ခုခံစားလိုက်ရပါတယ်။ တီဘီလူနာတွေ ဆေးဝယ်စားရင်း မတတ်နိုင်တော့လို့ နေကောင်းလာပြီဆိုပြီး နှစ်လ သုံးလနဲ့ ဆေးဖြတ်လိုက်ကြတဲ့လူနာတွေ ကျွန်တော်သိနေတာကို။

အခုတော့ ဆရာရေ **ကျွန်တော်လည်း** (DOTS provider) **တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးအတွက် အခမဲ့ တီဘီဆေးပေးတဲ့ ပြင်ပဆေးခန်းဖြစ်နေပါပြီ။ ဒါအတွက်လည်း ကျွန်တော်ဂုဏ်ယူနေပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်ဆေးခန်းက သလိပ်ပိုးတွေ့ လူနာသစ် ၆၀ ရှာထားပေးတယ်ဆရာ။ ဒီ ၆၀ စလုံးကို တီဘီရောဂါဆေး ပြည့်ပြည့်ဝဝကျွေးနိုင်၊ ပေးနိုင်ခဲ့ပါတယ်။ လူနာတစ်ယောက်အတွက် ဆေးဖိုးချည်းသက်သက် ငါးသောင်းခန့် ကုန်ကျမယ်ဆိုရင် ကျွန်တော့် လူနာ ၆၀ အတွက် သိန်း ၃၀ ဖိုးပေးနိုင်ခဲ့တယ်ပေါ့။**

ကျွန်တော့်လို ချောက်ချီးချောက်ချက် ဆေးခန်းလေးက သုံးနှစ်ကျော်ကာလအတွင်း သိန်း ၃၀ ဖိုးလူနာအတွက် ဆောင်ရွက်ပေးလှူနိုင်ခဲ့တာကို ကျွန်တော် ဂုဏ်ယူတာပါဆရာ။

(ဆရာမြင့်ဦး၏စာကို ဆက်မဖတ်နိုင်သေးပါ၊ သူ့အကြောင်းကို တွေးနေမိပါသည်။ ဆရာဝန် လုပ်သက် ၃၀ ခန့်ရှိပြီး ၁၅ နှစ်ခန့် ပြည်သူ့ဆေးရုံများတွင် ပေးအပ်ရာတာဝန်ကို မညည်းမညူလုပ်ဆောင်ခဲ့ရာ ယခုပြင်ပဆေးခန်းဖွင့်နေသည်မှာ ၁၅ နှစ်ခန့်ရှိပါပြီ။ တိုက်နှင့်ကားနှင့်နေဖို့ဝေလာဝေး၊ စက်ဘီးလေးပင်မရှိပါ။ ရံဖန်ရံခါ မြွေကိုက်လူနာလာလျှင် ပြည်သူ့ဆေးရုံသို့ မြင်းလှည်းခအကုန်ခံ၍ လိုက်ပို့ပါသေးသည်။ ပြည်သူ့ဆေးရုံသို့ပို့လွှတ်သော သူကြည့်ခဲ့သည့် လူနာများကို (Referal letter) လွှဲပြောင်းစာ ကောင်းကောင်းရေးပေးပါသည်။ ထိုလူနာကို (Follow-up) ဘယ်လိုကုသလဲ လိုက်လေ့လာတတ်သူပင်။) အခုလည်း သူ့အတွက်တော့ သိန်း ၃၀၊ သူ့ရဲ့ (Medical Care)ဆေးပညာရှင်၏ စောင့်ရှောက်ပေးသည့်ဝန်ဆောင်မှုနှင့် စေတနာ၏တန်ဖိုးများမှာ နောက်ထပ် သိန်း ၃၀ ကျော်ပါလိမ့်ဦးမည်။)

စာဆက်ဖတ်ပါသည်-

ဆရာပြောခဲ့တာကို ဆရာမှတ်မိပါ့မလား၊ အမှတ်တမဲ့ပြောလိုက်တာလား။ ကျွန်တော်တို့ကို အသိအမှတ်ပြုလို့ ကျွန်တော်ကတော့ မမေ့နိုင်ပါ။ GP ဆရာဝန်တွေမပါရင် အခု ကျွန်တော်တို့တိုက်နေတဲ့ " Battle against TB" တီဘီရောဂါတိုက်ဖျက်ရေး သေနင်္ဂဗျူဟာကြီးဟာ ဘယ်လိုမှမအောင်မြင်ဘူးလို့ ကျွန်တော်ရဲရဲကြီး ပြောရဲပါတယ်။ ဘာပြုလို့လဲဆိုတော့ မြို့တစ်မြို့မှာ In-service အစိုးရဝန်ထမ်း ဆရာဝန် ၁၀ ယောက်ရှိရင် GP ပြင်ပဆရာဝန်က ၃၀ ခန့်ရှိလို့ပါပဲ။ ဒါ့အပြင် (50%of TB new patients first meet with GP) 50% သော တီဘီလူနာသစ်များဟာ ပြင်ပဆရာဝန်ဆေးခန်းကို ပထမ စလာကြတာတဲ့။ သူတို့တစ်တွေ TB အန္တရာယ်အကြောင်း ခရေစေ့တွင်းကျသိမှ၊ DOTS ဆိုတာကို ယုံကြည်နားလည်ပါမှ၊ စိတ်ဝင်တစားရှိပါမှ၊ ပါဝင်ပူးပေါင်းကူညီပါမှ TB ရောဂါတိုက်ဖျက်ရေးကြီး အောင်မြင်မှာတဲ့။

ဆရာရေ၊ ကျွန်တော်တို့မြို့မှာ ကျွန်တော်အပါအဝင် (DOTS provider) တီဘီဆေး အခမဲ့ဖြန့်ဝေပေးတဲ့ (GP clinic) ၁၀ ခုတောင်ရှိပါတယ်။ ဒေါက်တာတင်စိန်၊ ဒေါက်တာခင်စိုး၊ ဒေါက်တာ စံအောင်၊ ဒေါက်တာ ခင်မောင်မြင့်၊ ဒေါက်တာစန္ဒာအောင်၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာဇော်လင်း၊ ဒေါက်တာမျိုးဆန်း၊ ဒေါက်တာတင်မာဌေးတို့ပေါ့။

ဆရာ့မိတ်ဆွေတွေပါပဲ။ ဆေးတွေကို PSI (Public Service International) ဆိုတဲ့ အပြည်ပြည်ဆိုင်ရာ လူထုဝန်ဆောင်မှုအဖွဲ့အစည်းက ကျွန်တော်တို့ကို NTP ကိုယ်စား ဆေးထုတ်ပေးတယ်၊ လူနာအရေအတွက်နဲ့ပေါ့။ နောက်ပြီး MMA ဆိုတဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ကလည်း ပူးပေါင်းပါဝင် Collaborate လုပ်ပါတယ်။ ဒီလို NTP (National TB Program) က ဦးဆောင်ပြီး NGO တွေရော၊ GP ဆရာတွေ တစ်ဦးချင်းစီပါ ပူးပေါင်းပါဝင်လှုပ်ရှားပြီး စနစ်တကျ ဆောင်ရွက်ကြတာမို့ (PPMD=Public Private Mix DOTS) လို့ ခေါ်ကြပါတယ်။ PPMD ပေါ့ ဆရာ။ ကျွန်တော်တို့ ၂၀၀၄ခုနှစ် ဇူလိုင်လလောက်ကတည်းကလုပ်လာကြတာ မြို့နယ်တစ်ခုလုံး ၁၃၀၀ လောက် တီဘီလူနာအသစ်ကို ဆေးပေးနိုင်ခဲ့ပါတယ်။ ကျွန်တော့်ဆေးခန်းကတင် ၆၀ ဆေးပေးပြီး (MDR TB) ဆေးယဉ်ပါးလူနာတစ်ယောက်နဲ့ (Defaulter) ပျက်ကွက်လူနာတစ်ယောက်ပဲရှိပါတယ်။ Completion rate (97%) လောက်ရပါတယ်။

ဝမ်းသာပါတယ်ဆရာ။ ဆရာမက်မက်နေတဲ့ နေ့အိပ်မက်အကောင်အထည်ဖော်နေပါပြီ။

(၁) လူနာတိုင်း ဆေးအခမဲ့ပေးနိုင်နေပါပြီ။

(၂) ကျွန်တော်တို့(GP) ပြင်ပဆေးခန်းဆရာဝန်တွေလဲ ပါဝင်ဆောင်ရွက်နေပါပြီ။

(၃) NTP ကို PSI, MMA စတဲ့ NGO အဖွဲ့အစည်းတွေက ကူညီပူးပေါင်းဆောင်ရွက်ပြီး DOTS နည်းဗျူဟာအတိုင်း ဆောင်ရွက်ကြလို့ စနစ်တကျဖြစ်ကာ အလှမ်းကျယ်အလယ်လပ် ဘဝမျိုး မဟုတ်တော့ပါဘူး။

ကျွန်တော့်ဆေးခန်းရဲ့ အတိုင်းအတာကိုလဲ ကြည့်လေ-

(၁) Cure rate (ပျောက်ကင်းသည်အထိဆေးပေးနိုင်မှု ၉၇%)

(၂) Case Registration (ဆေးပေးရမည့်လူနာများ စာရင်းသွင်းဆေးပေးနိုင်မှု ၁၀၀%)

(၃) Drug efficacy (ဆေးအာနိသင် DOTS ရဲ့ ပျောက်ကင်းနိုင်မှုစွမ်းအား ၉၅% လုပ်နိုင်နေတာမို့)

(၄) Passive case finding (ဆေးခန်းလာတဲ့ လူနာလောက်တင်ကုသမှုကို ၅၀% အထိ လျှော့ချတာတောင် (TB Impact) အဆုတ်ရောဂါဆိုတဲ့ ဂေါက်သီးဘောလုံးလေးကို ဝေးဝေးလွင့်စဉ်ပြေးအောင် ရိုက်ပစ်နိုင်မှုစွမ်းအားက ၄၆ လောက်ရှိပါတယ်။

ဒီအခြေအနေကို အခြေခံထားပြီး (Case finding) လူနာသစ်ရှာဖွေမှုရာခိုင်နှုန်း တိုးတက်အောင်လုပ်လာနိုင်ရင် ၂၀၅၀ ပြည့်နှစ်လောက်မှာ TB ရောဂါကို ပိုလီယိုရောဂါလို မြန်မာ့မြေပေါ်မှာတောင် ကင်းစင်ပြီလို့ ကြေညာနိုင်လောက်ပါတယ်ဆရာ။

ဆရာ့ကို Request လုပ်ချင်တာက (MDR TB) ဆေးယဉ်ပါးရောဂါရှင်တွေအတွက် တိုင်းရင်းဆေးဘက်က အားဖြည့်ပေးပါဆရာ။

ဆရာမြင့်ဦး စာသည် ကျွန်တော်၏ စိတ်ကူးယဉ်နေ့အိပ်မက်များ တကယ်ဖြစ်နေကြောင်း ဖော်ပြနေပါသည်။ သူနေသော မြို့လောက်သာ မဟုတ်ဘဲ နိုင်ငံအနှံ့-

(၁) DOTS providers (တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနှင့် တီဘီဆေးအခမဲ့ပေးသောဆေးခန်း များများရှိ၍ ပြည့်ပြည့်ဝဝပေးနိုင်ကြပါစေ။)

(၂) အမြို့မြို့အနယ်နယ်တွင် ထိုဆေးခန်းများ ဘယ်နားမှာရှိသလဲဆိုတာ တီဘီရောဂါသည်များရော ပြည်သူလူထုအများ သိရှိကြပါစေ။

(၃) သလိပ်စစ်သောအခါတွင်လည်း Faulse (+) များနှင့် Faulse (-) များ ကင်းဝေးပါစေ။

(၄) TB ဝေဒနာရှင်ရောဂါသည်များ အခြား လူမှုဒုက္ခကင်းဝေးပြီး ဆေးမှန်မှန်ထုတ်ယူ၍ ညွှန်ကြားချက်၊ အကြံပေးချက်များအတိုင်း စားသောက်နိုင်ပါစေ။

(၅) စောင့်ကြည့်၊ ကြီးကြပ်၊ တည့်မတ်ပေးသောအဖွဲ့များ တိကျမှန်ကန်စွာ ရှင်းရှင်းလင်းလင်း အကဲဖြတ်သတ်မှတ်နိုင်ပါစေဟု ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဆုတောင်းမိပါသည်။

သို့မှသာ ဒေါက်တာမြင့်ဦး ခန့်မှန်းသည့်အတိုင်း ("VIRTUAL ELIMINATION AT AD 2050=Incidence of spurtem smear AFB (+) one in 10 million population) ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်တွင် တီဘီရောဂါပိုးကင်းစင်သော မြန်မာပြည်လို့ ကြေညာနိုင်မှာပါ။ ဒါတောင် လူ ၁၀ သန်းမှာ တီဘီရောဂါပိုး တစ်ယောက်တစ်လေလောက်တော့ တွေ့နိုင်ပေဦးမည်ဖြစ်ပါသည်။

MDR TB (ဆေးယဉ်ပါးပိုးများ) သတ်နိုင်ရန် တိုင်းရင်းဆေးပညာရှင်များနှင့် သုတေသနပညာရှင်များ ပူးပေါင်း၍ တီဘီရောဂါပိုးကို သတ်နိုင်သော တိုင်းရင်းဆေးဝါးကောင်းတစ်လက် ပေါ်ထွက်အောင် ဆောင်ရွက်နိုင်ကြပါစေဟုလည်း ဆုတောင်းနေမိပါသည်။ ။

ဆေးတွေကို PSI (Public Service International) ဆိုတဲ့ အပြည်ပြည်ဆိုင်ရာ လူထုဝန်ဆောင်မှုအဖွဲ့အစည်းက ကျွန်တော်တို့ကို NTP ကိုယ်စား ဆေးထုတ်ပေးတယ်၊ လူနာအရေအတွက်နဲ့ပေါ့။ နောက်ပြီး MMA ဆိုတဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ကလည်း ပူးပေါင်းပါဝင် Collaborate လုပ်ပါတယ်။ ဒီလို NTP (National TB Program) က ဦးဆောင်ပြီး NGO တွေရော၊ GP ဆရာတွေ တစ်ဦးချင်းစီပါ ပူးပေါင်းပါဝင်လှုပ်ရှားပြီး စနစ်တကျ ဆောင်ရွက်ကြတာမို့ (PPMD=Public Private Mix DOTS) လို့ ခေါ်ကြပါတယ်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မန္တလေးမြို့တွင်း မီးပွိုင့်များ အဆင့်မြှင့် တပ်ဆင်ပြီးစီးမှုနှင့် လမ်းပြုပြင်မွမ်းမံမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ၃၅လမ်းနှင့် ၇၈လမ်းဆုံသို့ ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးပွိုင့်များနှင့် လုံခြုံရေးစောင့်ကြည့် CCTV ကင်မရာ တပ်ဆင်အသုံးပြုမှု အခြေအနေများကိုလည်းကောင်း၊ မီးပွိုင့်ထိန်းချုပ်ခန်းအတွင်း CCTV ကင်မရာဖြင့် မော်တော်ယာဉ်များအား မှတ်တမ်းတင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်အတွင်း အရှည်ပေ ၂၈၅၀၊ အကျယ် ၂၄ ပေရှိ ၆၈လမ်းမကြီးအား သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းနိုင်ရန်အတွက်အခြေခံမြေသားညှိခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းတူးခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းနှင့် မနော်ဟရီလမ်းဆုံသို့ ရောက်ရှိကြကာ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးပွိုင့်များ တပ်ဆင်ပြီးစီးမှုနှင့် ယာဉ်သွားလာမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါလမ်းသည် ၆၂ လမ်းမှ မန္တလေး-ပြင်ဦးလွင်သွား မြို့ပတ်လမ်းအထိ အရှည် ၁၁၅၆၈ပေ၊ အကျယ် ၂၆ပေရှိကာ မူလလမ်းသားအား လမ်းအကျယ်တိုးချဲ့၍ ထပ်ပိုးလွှာတင်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့်လမ်း ၃၀လမ်းဆုံတွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက်နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးပွိုင့် တပ်ဆင်ပြီးစီးမှုနှင့် ယာဉ်သွားလာမှုများကို ကြည့်ရှုစစ်ဆေးပြီး ချမ်းအေးသာစံမြို့နယ် ၆၆လမ်းနှင့် ၂၆ လမ်းဆုံရှိ မီးပွိုင့်ထိန်းချုပ်ခန်းကိုကြည့်ရှုစစ်ဆေး၍ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးပွိုင့် တပ်ဆင်ပြီးစီးမှုနှင့် ယာဉ်သွားလာမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ ချမ်းအေးသာစံမြို့နယ်အတွင်း ရှိ ၆၈လမ်းမကြီးအား သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းနိုင်ရန်အတွက် အခြေခံမြေသားလမ်းညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူဖခင်ကြီးဦးမြတ်စိုး (၃၂)နှစ်ပြည့်ရည်စူး၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ စာချဆရာတော်ကြီး ငါးပါးအား ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် စာသင်သားသံဃာတော်၃၇၁ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပွဲကို ဩဂုတ် ၁၆ရက်က ကမ္ဘာအေးမိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပရာ အလှူရှင်သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်စဉ်။ (၆၁)

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် UN အဖွဲ့အစည်းများ၊ NGOs များပါဝင်သော လေဘေးသင့်ဒေသရှိ စာသင်ကျောင်းများ ပြုပြင်ရန် လိုအပ်မှုအခြေအနေနှင့် ကျောင်းသုံးပရိဘောဂလိုအပ်ချက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မုန်တိုင်းသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် UN နှင့် INGOs များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖြည့်ဆည်း

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်းရှိ စာသင်ကျောင်းများစွာ ပျက်စီးခဲ့ရကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်မှ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း၊ ကျောင်းအများစုမှာ စာရေးကိရိယာနှင့် ကျောင်းခန်း ပရိဘောဂများစွာ လိုအပ်နေကြောင်း၊ စာသင်အရွယ်ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ UN နှင့် INGOs များက အဖွဲ့အစည်းများအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို တင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဒုတိယမြို့နယ် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၈ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ တရားရုံးချုပ် လေ့ကျင့်ရေးဌာန (လှိုင်သာယာ)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်း တရားရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး ဒုတိယ မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူနှစ်ဖက်မိဘများ၊ ကွယ်လွန်သူ ဖခင်ကြီး (၁၇)နှစ်မြောက်နှင့် သားများအား ရည်စူး၍ မိခင်ကြီး ဒေါ်သန်း၏ (၈၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တစ်နေ့တာဆွမ်းနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများ၏ နေရေး၊ ၎င်းတို့၏သက်ဆိုင်ရာစီးပွားရေး လုပ်ကိုင်နိုင်ရေးကို မူလကထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် အထိုက်အလျောက်အဆင်ပြေမှုများရှိနေ

☆ **နိုင်ငံတော်မှ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများဆိုင်ရာကို ပြောကြားလိုကြောင်း၊ ရန်ကုန်-ပုသိမ် ကားလမ်းသည် ခရီးကြာချိန် ၂ နာရီခွဲ ၃ နာရီခန့်သာ ရှိရာမှ ယခုအခါ မိုးများခြင်းနှင့် နာဂစ်မုန်တိုင်းကြောင့် ယာဉ်များ အသုံးပြုမှုများခြင်းတို့ကြောင့် လမ်းများပျက်စီးမှုများရှိကြောင်း။

အဆိုပါလမ်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်သော်လည်း အခြေအနေ အကြောင်းကြောင်းကြောင့် ပျက်စီးမှုကိုချက်ချင်းမပြင်ဆင်ခဲ့၍ လမ်းအပျက်အစီးများခြင်းဖြစ်ကြောင်း၊ ၎င်းလမ်းအား အခက်အခဲမရှိ သွားလာနိုင်အောင် နိုင်ငံတော်မှ ဝင်ရောက်လုပ်ကိုင်ပေးရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီရောက်မှ ပြင်ဆင်ခြင်းမျိုး မလုပ်ဘဲ ယာဉ်များ လောလောဆယ် အဆင်ပြေသွားလာနိုင်ရန် အမြန်ဆုံး ပြင်ဆင်သွားရန်ဖြစ်ကြောင်း။

ပြုပြင်

လမ်းပြုပြင်ရာတွင် ထိထိ ရောက်ရောက်ဖြစ်စေရန် တာဝန်ကို သတ်သတ်မှတ်မှတ်ပေးရန်ဖြစ်ကြောင်း၊ ပြုပြင်ပြီးလမ်းများ အမြဲကောင်းနေစေရေးအတွက် နောင်တွင် တစ်နေရာပျက်လျှင် တစ်နေရာပြင်၊ တစ်ပေါက်ပေါက်လျှင် တစ်ပေါက်ဖာစနစ်ကို ကျင့်သုံး၍ ချက်ချင်း ပြုပြင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒုတိယပိုင်းအဖြစ် နာဂစ် မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းအတွင်းရှိ ခုနစ်မြို့နယ်ကို နိုင်ငံတော်က ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုပြီး အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက် ပေးနေမှုကို ပြောကြားလိုကြောင်း။

ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်း၍ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

သာလွန်ကောင်းမွန်

ယခုအခါ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများ၏နေရေး၊ ၎င်းတို့၏ သက်ဆိုင်ရာစီးပွားရေးလုပ်ကိုင်နိုင်ရေးကို မူလကထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် ယခုဆိုလျှင် ၎င်းတို့၏ လူနေမှုဘဝ အထိုက်အလျောက် အဆင်ပြေမှုများရှိနေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပင်လယ်ပိုင်းဒေသများအထိ ဆက်သွယ်သွားလာနိုင်သည့် လမ်းကြီးသုံးသွယ်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ပိုင်းဒေသရှိ မြို့များတွင် ရေရှည်သဘာဝဘေး ဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ရန်ကိုလည်း စီမံထားရှိပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ ရရှိထားသည့် အခြေခံကောင်းများအပေါ် အခြေခံ၍ တိုင်းအဆင့်တာဝန်ရှိသူများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

တတိယပိုင်းအဖြစ် လယ်ယာ ကဏ္ဍလုပ်ငန်းကိုပြောကြားရမည်ဆိုလျှင် ဧရာဝတီတိုင်းသည် မိမိတို့ နိုင်ငံ၏ စပါးကျီ၊ ထမင်းအိုးဟု တင်စားခေါ်ဝေါ်နေလျက်ရှိရာ စပါးအထွက် ရည်မှန်းချက်ထက် သာလွန်အောင် ကြိုးစားရမည်ဖြစ်ကြောင်း။

မှာကြား

ထို့ကြောင့် မိရိုးဖလာ စပါးမျိုးများနေရာတွင် စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ အရည်အသွေးကောင်းသော အထွက်တိုးစပါးမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ ရောနှော အသုံးပြုခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ၊တိုင်းရင်းသား လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက ဧရာဝတီတိုင်းအတွင်းရှိ လမ်းပိုင်းများ၏ အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စိုက်ပျိုးရေးတွင် အထွက်တိုးပြီး အရည်အသွေးကောင်းမျိုးများ ပြောင်းလဲသုံးစွဲရေး စီမံထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ဧက မှန်ကန်ရေး၊ မြေကြီးမြေပုံမှန်ကန်ရေးနှင့် အထွက်နှုန်း မှန်ကန်ရေးတို့အတွက်စာရင်းဇယားများ ကောက်ယူဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ပုသိမ်မြို့ မြရောအစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းက ရန်ကုန်-ပုသိမ် လမ်းပိုင်းအား ကြည့်ရှုစစ်ဆေးတွေ့ရှိမှု အခြေအနေနှင့် လမ်းပြုပြင်ရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လေဘေးသင့်ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း ဟန်ဂေရီအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၈ခုနှစ်၊ ဩဂုတ် ၂၀ရက်တွင်ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကင်ဂါဂွန့်ဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ် သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသား အမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၂၂)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း(၅၅)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဖြူရောင်မြွေ မင်းသမီးလေး အပိုင်း(၄၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အတည်ပြုအချိန် ၃း၄၀

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်း ကျေးရွာအုပ်စု၊ ခုံကြီးကျေးရွာ သစ်တွင် လူနေအိမ်ရာများ ပြီးစီးမှုနှင့် ဆောက်လုပ်ပြီး နေအိမ်များတွင် အိုးအိမ်မဲ့ ပြည်သူများအား စနစ်တကျ နေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ပြည်သူများအား မူလအဆင့်ထက်ကောင်းမွန်သော နေအိမ်များဖြင့်နေထိုင်နိုင်ရန် စီစဉ်ပေးလျက်ရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သောပံ့ပိုးပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထား

✧ ရွှေဖုံးမှ

လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ ငပုတောမြို့နယ် ကျောက်ကလပ် ကျေးရွာသို့ နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ရောက်ရှိကြပြီး ငပုတောမြို့နယ် လေဘေးသင့် ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဌာနဆိုင်ရာများ၊လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဆရာ၊ဆရာမ များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကျောက်ကလပ် ကျေးရွာမှတစ်ဆင့် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်း ကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခုံကြီးကျေးရွာသစ်ရှိ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေမှု၊ နေထိုင်စားသောက်မှုတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်း စီမံပေးမှု၊ စေတနာရှင် အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုတို့ဖြင့် လေဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ပြည်သူများအား မူလအဆင့်ထက် သာလွန် ကောင်းမွန်သော နေအိမ်များဖြင့် နေထိုင်နိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော ပံ့ပိုးပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ အလုပ်ကို ဝီရိယ စိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရရှိလာသောဝင်ငွေကို ခြိုးခြံချွေတာ စုဆောင်းခြင်းအားဖြင့် မိမိတို့၏ လူနေဘဝ အဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများအား လိမ္မာရေးခြားရှိ၍ အကျင့်စာရိတ္တကောင်းမွန်သည့် ပညာတတ်များ ဖြစ်စေရေးအတွက် ဆုံးမပဲ့ပြင်သင်ကြားပေးရန်လိုကြောင်း၊ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း အပါအဝင် ကျေးရွာစာကြည့်တိုက်တို့ကို တည်ဆောက် ဖွင့်လှစ်ပေးမည်ဖြစ်ရာ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်သည့်အလေ့အကျင့်ကောင်းများရှိရန် ကျေးရွာတာဝန်ရှိသူများက စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်သည် ခုံကြီးကျေးရွာသစ်အတွက် လူနေအိမ်များ တာဝန်ယူ ဆောက်လုပ်ပေးနေသည့် ရွှေသံလွင်၊ အရှေ့ဦး ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတို့အား နေအိမ်များ တည်ဆောက်ပြီးစီးမှု အခြေအနေကို မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခုံကြီးကျေးရွာသစ်အတွက် ရွှေသံလွင်၊ အရှေ့ဦးကုမ္ပဏီအုပ်စုက တာဝန်ယူဆောက်လုပ်ပေးသည့် လူနေအိမ်ရာများ ပြီးစီးမှု အခြေအနေ၊ ဆောက်လုပ်ပြီး နေအိမ်များတွင် အိုးအိမ်မဲ့ပြည်သူများအား စနစ်တကျ နေရာချထားပေးမှု အခြေအနေ၊ နေအိမ်ဝင်းများအတွင်း သီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် နေအိမ်များ ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ကျေးရွာနေအိမ်အတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး မိသားစုများ၏ နေထိုင်စားသောက်မှု၊ နှစ်ရှည်စားသုံးပင်နှင့် အရိပ်ရ လေကာပင်များ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် လပွတ္တာခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ် (၈)ရပ်ကွက်ရှိ တိုင်းဝင်းဆန်စက်၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန၏ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ဒုတိယအကြိမ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက လပွတ္တာမြို့နယ် လေဘေးသင့် ဒေသများ ပြန်လည် ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်ထံ ငါးဖမ်းစက်လှေများနှင့်ငါးဖမ်းကိရိယာများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရေလုပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လက်ရှိဘဝထက် သာလွန်ကောင်းမွန်အောင် အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ရန်နှင့် ကျွမ်းကျင်ရာ လုပ်ငန်းများအလိုက် လုပ်ကိုင်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်ရာ အလုပ်ကို ကြိုးစားလုပ်ကိုင်လိုသည့် စိတ်မွေးမြူပြီး ယခင်ကထက် အလုပ်ကို ကြိုးစားလုပ်ကိုင်ရန်၊ ပင်ပင်ပန်းပန်း ကြိုးပမ်းရှာဖွေ၍ ရရှိလာသော ဝင်ငွေများကို အကျိုးမဲ့သုံးဖြုန်းခြင်းမပြုဘဲ ချွေတာစုဆောင်းရန်၊ မိမိတို့၏ သားသမီးများအား အမှား၊ အမှန် ခွဲခြားနိုင်ပြီး လိမ္မာယဉ်ကျေးသူများ ဖြစ်အောင်၊ ပညာတတ်အောင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် အင်ဂျင်စက်များ၊ ဦးချွန်းပဲ့ချွန်းလှေများနှင့် ငါးဖမ်းကိရိယာမျိုးစုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရေလုပ်သားများ၏ ငါးဖမ်းစက်လှေများ စမ်းသပ်သရုပ်ပြ မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်တွင် ဆောက်လုပ်ပြီး နေအိမ်များကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ရေလုပ်သားများအား ထောက်ပံ့ပေးအပ်မည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။ (သတင်းစဉ်)



ကာရစ်ဘီယံဒေသ ကျူးဘားနိုင်ငံဝန်းကျင်၌ တိုက်ခတ်နေသော ဖေးအမည်ရှိ အပူပိုင်းမုန်တိုင်း၏ လှုပ်ရှားမှုဂြိုဟ်တုဓာတ်ပုံကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပင်နီဇွဲလားနိုင်ငံက နိုဝင်ဘာလတွင် ဂြိုဟ်တုလွှတ်တင်မည်

ကာရာကက်စ် ဩဂုတ် ၁၉

ဗင်နီဇွဲလားနိုင်ငံ၏ဂြိုဟ်တုတစ်လုံးကို အာကာသအတွင်းသို့ နိုဝင်ဘာ ၂၈ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း သမ္မတ ဟူဂိုချားဗက်စ်က ဩဂုတ် ၁၇ရက်တွင် ပြောကြားသည်။

လွှတ်တင်မည့် ဂြိုဟ်တု၏အမည်မှာ ဆီမွန်ဘိုလီဗာဖြစ်သည်။ ဖော်ပြပါ ပြောကြားချက်များကို သမ္မတက ရုပ်မြင်သံကြားနှင့် ရေဒီယိုမှ အသိပေးကြေညာခဲ့ခြင်း ဖြစ်သည်။

ဆီမွန်ဘိုလီဗာဆိုသူသည်လက်တင်အမေရိကဒေသကို လွတ်လပ်ရေးရစေရန် ဦးဆောင်ကြိုးပမ်းခဲ့သော ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ တရုတ်နိုင်ငံမှထုတ်လုပ်သော ဂြိုဟ်တုကို ၎င်းအား ဂုဏ်ပြုသောအားဖြင့် ဆီမွန်ဘိုလီဗာဟု အမည်ပေးထားခြင်းဖြစ်သည်။ ထိုဂြိုဟ်တု လွှတ်တင်နိုင်ခြင်းအားဖြင့် ဗင်နီဇွဲလားနိုင်ငံ၏ ရုပ်မြင်သံကြားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများအပြင် ကျန်းမာရေးလုပ်ငန်းကိုပါ အကျိုးပြုနိုင်မည်ဖြစ်သည်ဟုဆိုသည်။ ထိုမျှသာမကသေး အဆိုပါ ဂြိုဟ်တုကြောင့် လက်တင်အမေရိကနိုင်ငံများအထိအကျိုးများမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ဆားဘီးယားတွင် ဘဏ်ငွေကိုင်တစ်ဦး ဒေါ်လာနှစ်သန်းကျော်ခိုးယူသဖြင့် အဖမ်းခံရ

ဘဲလ်ဂရိတ် ဩဂုတ် ၁၉

ဆားဘီးယားရှိ ဘဏ်တစ်ခုမှ ဝန်ထမ်းတစ်ဦးသည် ယူရို ၁ ဒသမ ၅သန်း(အမေရိကန်ဒေါ်လာ ၂ဒသမ ၂သန်း)အား ခိုးယူသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ ဘဏ်ငွေခိုးမှုဖြင့် စွပ်စွဲခံရသူမှာ အသက်(၂၉)နှစ်အရွယ် အလက်ဇန္ဒြားအက်စ်ဆိုသူဖြစ်ပြီး ကရာဂျက်ဗေ့စ်မြို့လယ်ရှိ ရစ်ဖက်စီရမ်ဘဏ်မှ ငွေကိုင်ဝန်ထမ်းဖြစ်သည်။

စစ်ဆေးမှုများအရ ၎င်းသည် စနေနေ့နံနက်ပိုင်းတွင် ငွေများကိုယူဆောင်ကာ ဘဏ်မှခွင့်တင်၍ ပြန်သွားခဲ့ကြောင်းနှင့် နောက်တစ်နေ့မွန်းလွဲချိန်ထိ ထွက်ပြေးရှောင်တိမ်းခဲ့ကြောင်း သိရှိရသည်။ ***အင်တာနက်။***

အာဖရိကတိုက် အရှေ့ပိုင်းဒေသနိုင်ငံများ အနာဂတ်တွင် မိုးနည်းပါးနိုင်ကြောင်း သုတေသီများခန့်မှန်း

ဒါရက်ဆလမ် ဩဂုတ် ၁၈

အာဖရိကတိုက်၏ အရှေ့ဘက်ကမ်းခြေဒေသနိုင်ငံများတွင်အနာဂတ်ကာလ၌ မိုးနည်းပါးသွားနိုင်မည်ဖြစ်ကြောင်း အမေရိကန် အာကာသလေ့လာရေးဗဟိုဌာနမှ သိပ္ပံပညာရှင်များကခန့်မှန်းသည်။

ထို့သို့ မိုးနည်းပါးသွားရခြင်းသည် အနီးဝန်းကျင်ဒေသရှိအိန္ဒိယသမုဒ္ဒရာ ပူနွေးလာမှုနှင့် ဆက်စပ်နေသည်ဟုဆိုသည်။ရာစုနှစ်တစ်ဝက်ကြာအောင်စုဆောင်းရရှိထားသော ကိန်းဂဏန်းအချက်အလက်များ၊ ကွန်ပျူတာ ပုံစံများ တည်ဆောက်၍ လေ့လာရာမှ အထက်ပါအချက်ကို ဖော်ထုတ်သိရှိရခြင်းဖြစ်သည်။ ၁၉၈၀ပြည့်နှစ်များကာလမှစ၍ မိုးရွာသွန်းမှုသည်ပုံမှန်ထက် ၁၅ရာခိုင်နှုန်း လျော့နည်းလာသည်ဟုဆိုသည်။ ထိုအခြေအနေသည်အနာဂတ်တွင်လည်းဆက်လက်ဖြစ်ပေါ်စရာရှိသည်ဟုဆိုသည်။

မိုးရွာသွန်းမှု နည်းပါးသွားမည့် အာဖရိကတိုက်အရှေ့ပိုင်းဒေသနိုင်ငံများတွင် အီသီယိုးပီးယား၊ မာလာဝီ၊ ကင်ညာ၊ တန်ဇန်းနီးယား၊ ဇမ်ဘီယာနှင့်ဇင်ဘာဘွေနိုင်ငံတို့ ပါဝင်ကြောင်း သုတေသနအစီရင်ခံစာ၌ ဖော်ပြထားသည်။ ***အင်တာနက်။***

ဖိလစ်ပိုင်တောင်ပိုင်းရှိ တည်းခိုခန်းနှစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်၍ သုံးဦးဒဏ်ရာရ

မနီလာ ဩဂုတ် ၁၉

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၁၇ ရက်က ခရီးသွားတည်းခိုခန်းနှစ်ခု၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာအနည်းဆုံး သုံးဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ အထူးတပ်ဖွဲ့မှ အကြီးအကဲတစ်ဦးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ဘက်ဘီလီဂန်ဒေသရှိတည်းခိုခန်း၏ အခန်းတစ်ခု၌ ညနေ ၅ နာရီခွဲတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး သုံးဦးဒဏ်ရာ ရရှိခဲ့သည်။ ယင်းသို့ဖြစ်ပွားပြီးနောက် မိနစ် ၂၀ ခန့်အကြာတွင် နောက်ထပ်တည်းခိုခန်းတစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်ဟု အထူးတပ်ဖွဲ့မှအကြီးအကဲ ဟီလာရီဘိုအတန်ဒီတိုက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့် ဗုံးအမျိုးအစားကို သိရှိရန်အတွက် အခင်းဖြစ်ပွားရာနေရာသို့ဗုံးကျွမ်းကျင်ပညာရှင်များအား စေလွှတ်ခဲ့ကြောင်း သိရသည်။

ထိုပေါက်ကွဲမှုမှာ မည်သည့်အဖွဲ့တွင် တာဝန်ရှိသည်ကို ပြောဆိုခြင်း မရှိပေ။ ထို့ပြင် ပေါက်ကွဲမှုမဖြစ်ပွားခင် တစ်ပတ်အလိုက ပေါက်ကွဲမှုများဖြစ်ပွားမည်ဆိုသောသတင်းကို ရရှိသည်ဟုဒေသဆိုင်ရာအသံလွှင့်ဌာနက ပြောကြားသွားသည်။လာနာအိုဒဲလ်နော့ပြည်နယ်ရှိ ဘီလီဂန်ဒေသသည် သူပုန်များက အစိုးရအား ၎င်းတို့ပိုင်နက်နယ်မြေများတောင်းဆိုရာတွင် တစ်ခုအပါအဝင်ဖြစ်သော ဒေသဖြစ်သည်။

တရားလွှတ်တော်ချုပ်က အစိုးရနှင့် သူပုန်များအကြား ငြိမ်းချမ်းရေးသဘောတူညီမှုကို ယာယီရပ်ဆိုင်းထားသည်ဟု အမိန့်ထုတ်ပြန်လိုက်ပြီးနောက် ဆူပူသောင်းကျန်းမှုများ အရှိန်မြင့်တက်လာသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မာရာဝီဒေသ၌ ဖြစ်ပွားသောတိုက်ပွဲတွင် ဒဏ်ရာရရှိသွားသော တပ်ဖွဲ့ဝင်တစ်ဦးအား သယ်ယူလာနေသည်ကို ဩဂုတ် ၁၈ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်းရှိ ပီကေကေပြောက်ကျားများအား တူရကီတပ်ဖွဲ့က လေကြောင်းမှထိုးစစ်ဆင်နွှဲ

အန်ကာရာ ဩဂုတ် ၁၉

တူရကီအစိုးရ လေတပ်သည် မတရားအသင်း ကြေညာခံထားရသော ပီကေကေသူပုန်အဖွဲ့များ တပ်စွဲထားရာ အီရတ်မြောက်ပိုင်းသို့ စနေနေ့က တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ပီကေကေသူပုန်များတပ်စွဲထားရာ အက်ဗက်ဆင်-လော့စ်ယန်းဒေသရှိ လိုဏ်ခေါင်းတစ်ခုအား အဓိကပစ်မှတ်ထားကာ လေကြောင်းမှ ထိုးစစ်ဆင်ခဲ့ကြောင်း တူရကီအစိုးရတပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားသည်ကို ဝက်ဘ်ဆိုက်တွင် ထည့်သွင်းဖော်ပြထားသည်။ စစ်လေယာဉ်များအားလုံးအောင်မြင်စွာဖြင့်၎င်းတို့၏အခြေစိုက်စခန်းများသို့ ပြန်လည်ရောက်ရှိကြောင်းနှင့် သူပုန်များဘက်မှ အသေအပျောက်သတင်းမရရှိသေးကြောင်း သိရှိရသည်။ ***အင်တာနက်။***

ကြက်ငှက်တုပ်ကွေးရောဂါ ကင်းမဲ့ဇုန်အဖြစ် တောင်ကိုရီးယားနိုင်ငံက ထုတ်ဖော်ကြေညာ

ဆိုးလ် ဩဂုတ် ၁၉

တောင်ကိုရီးယားနိုင်ငံတွင် သုံးလကြာမျှ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ပပျောက်ခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းမဲ့ဇုန်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ဩဂုတ် ၁၇ ရက်တွင် အတိအလင်းကြေညာသည်။

ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(အိုအိုင်အီး)မှ ချမှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ နိုင်ငံအတွင်း၌ ရောဂါမကူးစက်သည်မှာ သုံးလအချိန်ကြာမြင့်ပြီးဖြစ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းစင်ကြောင်း ကြေညာနိုင်ခြင်းဖြစ်သည်။မိမိတို့နိုင်ငံတွင် ထိုရောဂါမရှိသည်မှာ သုံးလကြာပြီဖြစ်၍တောင်ကိုရီးယားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းစင်ပြီးဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံ စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနမှ ဥက္ကဋ္ဌဖြစ်သူ ကင်မ်ချောင်စီအက်ဘ်က ပြောကြားသည်။

မိမိတို့နိုင်ငံတွင် အဆိုပါရောဂါ ကင်းမဲ့ဇုန်အဖြစ်ကြေညာရန်အတွက် သောကြာနေ့က နည်းပညာပိုင်းအရစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

မိမိတို့အနေဖြင့် မေလနှင့်ဇွန်လအတွင်း၌ နိုင်ငံအတွင်းရှိ ကြက်ငှက်မွေးမြူရေးခြံ ၁၈၂၉ ခြံအား ကျန်းမာရေးစစ်ဆေးမှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။သို့ဖြစ်၍ အိုအိုင်အီးအဖွဲ့၏ ချမှတ်ထားသောမူဝါဒလမ်းညွှန်ချက်များနှင့်ညီညွတ်ကြောင်း သဘောတူခွင့်ပြုချက်အရ အဆိုပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ***အင်တာနက်။***

အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင်ဦးရေ ဩဂုတ် ၁၆ ရက်အထိ ၄၁၄၃ ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဩဂုတ် ၁၆ ရက်က တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် နိုင်ငံစုံတပ်ဖွဲ့မှ ဖြစ်ပြီး ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယခုလအတွင်း တိုက်ပွဲတစ်စုံတစ်ရာဖြစ်ပွားမှုမရှိဘဲ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၁၆ ဦးရှိကြောင်း ဖော်ပြသည်။

အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်သောတပ်များ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ ယနေ့အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၁၄၃ ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်စာရင်းက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၆ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)သို့ရောက်ရှိပြီး ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရော(၁)လက်တွန်းထွန်စက်များ၊ ကူဘိုတာရေစုပ်စက်များကို အရည်အသွေးပိုမိုကောင်းမွန်အောင်ထုတ်လုပ်ရေး၊ အရေအတွက်များများ ထုတ်လုပ်ရေးတို့ကို ဝန်ထမ်းအားလုံး ပါဝင်ဆောင်ရွက်ကြရေးမှာကြားသည်။

ထို့နောက်ဝန်ကြီးသည်ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ထုံးဘို) သို့ ရောက်ရှိပြီး မော်တော်ယာဉ်များ တပ်ဆင်မှုအလုပ်ရုံ၊ ဆေးမှုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် သုံးစွဲသူ အဆင်သင့်ဖြစ်ရေး၊ ဆေးသားများ သေသပ်ကောင်းမွန်ရေး၊ ယခုထက် ပိုမိုကောင်းမွန်အောင် အမြဲတီထွင်ကြံဆနေရေး တို့ကိုမှာကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ စက်ရုံအတွင်း ဖွင့်လှစ်သင်ကြားလျက် ရှိသည့် အခြေခံ စက်မှုသင်တန်းကျောင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား အားပေးစကားပြောကြားကာ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် အမှတ်(၃)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ထောက်ကြန့်) သို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး Double Cab ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမို၏

ကြည့်ရှုလေ့လာ

ဩဂုတ် ၁၉ ရက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Gambari ရန်ကုန်တိုင်းလေဘေးသင့် ကွမ်းခြံကုန်းမြို့နယ် တောချောင်းကျေးရွာကွင်းအမှတ် - ၃၆၄ ၌ မိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲရလဒ်များ

အမျိုးသားစက်ဘီး တာတိုဗိုလ်လုပွဲ

ရွှေ - ခရစ်ဟော(ဗြိတိန်)
ငွေ - ဂျာဆန်ကင်နီ(ဗြိတိန်)
ကြေး - မီခေးလ်ဘော့အင်(ပြင်သစ်)

အမျိုးသမီးစက်ဘီးတာတိုဗိုလ်လုပွဲ

ရွှေ - ဗစ်တိုးရီးယား ပင်ဒဲလ်တွန်(ဗြိတိန်)
ငွေ - အန်နာမီးယပ်စ်(ဩစတြေးလျ)
ကြေး - ရှောင်ဂို(တရုတ်)

အမျိုးသမီးဘတ်စကက်ဘောကွာတားဖိုင်နယ်

တရုတ်	၇၇	- ၆၂	ဘီလာရုစ်
ဩစတြေးလျ	၇၉	- ၀	ချက်ရီပတ်ဘလစ်
အမေရိကန်	၁၀၆	- ၄၀	တောင်ကိုရီးယား

အမျိုးသားဘောလုံးဆီမီးဖိုင်နယ်

နိုင်ဂျီးရီးယား	၄ - ၁	ဘယ်လ်ဂျီယံ
အာဂျင်တီးနား	၃ - ၀	ဘရာဇီး

အမျိုးသားသုံးမျိုးစုံပြိုင်ပွဲ ဗိုလ်လုပွဲ

ရွှေ - ဂျန်ဖရိုဒီနို့(ဂျာမနီ) ၁နာရီ ៖ ၄၈မိနစ်း၅၃စက္ကန့်
ငွေ - စိုင်မွန်ဝစ်ဖီးလ်(ကနေဒါ) ၁နာရီ ៖ ၄၈မိနစ်း၅၈စက္ကန့်
ကြေး - ဘီဘန်ဒိုချာတီ(နယူးဇီလန်) ၁နာရီ ៖ ၄၉မိနစ်း၀၅စက္ကန့်

အမျိုးသမီး သဲသောင်ပြင်ဘော်လီဘော ဆီမီးဖိုင်နယ်

အမေရိကန်	၂ - ၀	ဘရာဇီး

အမျိုးသမီး ဘော်လီဘော ကွာတားဖိုင်နယ်

ကျူးဘား	၃ - ၀	ဆားဗီးယား
ဘရာဇီး	၃ - ၀	ဂျပန်

အမျိုးသားအလေးမ ၁၀၅ ကီလို ဗိုလ်လုပွဲ

ရွှေ - မက်သီးယပ်စ် စတိန်နာ(ဂျာမနီ) ၄၆၁ကီလို
ငွေ - အက်ဂျီနီ ရှီကျီရှက်ဗ်(ရုရှား) ၄၆၀ကီလို
ကြေး - ဗစ်ကာ တဗာတစ်(လစ်သူယေးနီးယား)၄၄၈ကီလို

အမျိုးသား ၅၅ ကီလို အလွတ်တန်းနပန်းဗိုလ်လုပွဲ

ရွှေ - ဟင်နရီ စီကျူဒို(အမေရိကန်)
ငွေ - ကိုမိုဟီရို မတ်ဆုနာဂ(ဂျပန်)
ကြေး - ဘီဆစ်ကူဒူကော့ဗ်(ရုရှား)နှင့် ရိုဒိုစလပ်မီလီကော့ဗ် (ဘူလ်ဂေးရီးယား)

အမျိုးသား၆၀ကီလို အလွတ်တန်း နပန်းဗိုလ်လုပွဲ

ရွှေ - မတ်ဗ်လက်ဘာတီရော့ဗ်(ရုရှား)
ငွေ - ဗာစီးလ်ဖီရိုရီချင်(ယူကရိန်း)
ကြေး - ကီနီချီယူမိုတို(ဂျပန်)နှင့် ဆီယက်မိရတ်မိုဟာမဒီ (အီရန်)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

၁၉ - ၈ - ၂၀၀၈

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၃	၁၄	၁၉	၇၆
၂	အမေရိကန်	၂၆	၂၆	၂၇	၇၉
၃	ဗြိတိန်	၁၅	၈	၈	၃၁
၄	ဩစတြေးလျ	၁၁	၁၁	၁၂	၃၄
၅	ဂျာမနီ	၁၁	၇	၈	၂၆
၆	ရုရှား	၉	၁၄	၁၇	၄၀
၇	တောင်ကိုရီးယား	၈	၁၀	၆	၂၄
၈	ဂျပန်	၈	၆	၈	၂၂
၉	အီတလီ	၆	၆	၇	၁၉
၁၀	ယူကရိန်း	၅	၄	၈	၁၇

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနားတို့ ခြေစွမ်းပြပြီးဗိုလ်လုပွဲသို့တက်

ပေကျင်း ဩဂုတ် ၁၉

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲကိုယနေ့ယှဉ်ပြိုင်ကစားသည်။ ပထမပွဲစဉ်အဖြစ် နိုင်ဂျီရီးယားနှင့် ဘယ်လ်ဂျီယံတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် နိုင်ဂျီးရီးယားက ခြေစွမ်းပြပြီး လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ထို့ကြောင့် နိုင်ဂျီးရီးယားသည် ၁၉၉၆ အိုလံပစ်ချန်ပီယံဖြစ်ခဲ့သည့် အိပ်မက်ကို ပြန်လည်မက်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဂျင်တီးနားနှင့် ဘရာဇီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် အာဂျင်တီးနားက အထူးခြေစွမ်းပြပြီး နာမည်ကြီး ဘရာဇီးကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ယနေ့ပွဲတွင် ဘရာဇီးမှာ နှစ်ယောက်လျော့ဖြင့် ကစားသွားရသည်။

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေရာလုပွဲအဖြစ် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခွဲတွင် ဘရာဇီးနှင့် ဘယ်လ်ဂျီယံတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အင်တာနက်။

ဂရင်းကင်ယွန်အနီးဆည်ကျိုးပေါက် ဒေသခံများအား ရွှေ့ပြောင်းပေးရ

ဖီးနစ် ဩဂုတ် ၁၈

အမေရိကန်ပြည်ထောင်စုရှိ ဂရင်းကင်ယွန်အနီးရှိ ဆည်တစ်ခုမှ မြေသားများ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တနင်္ဂနွေနေ့တွင် ကျိုးပေါက်ခဲ့ရာ ရေလွှမ်းမိုးမှုဒဏ်ခံရသည့် ကျေးရွာတစ်ရွာမှ ရာပေါင်းများစွာရှိ ဒေသခံများကို အလျင်အမြန် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမျိုးသားဥယျာဉ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရီဇိုးနား အမျိုးသားဥယျာဉ် အစောင့်တပ်ဖွဲ့နှင့် ပြည်သူ့လုံခြုံရေးဌာနမှ ရဟတ်ယာဉ် ငါးစင်းတို့က အချို့သောဒေသခံများကို ကုန်းမြင့်တစ်နေရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ဂရင်းကင်ယွန် အောက်ခြေရှိ ဆူပိုင်မြို့အတွင်း ရေလွှမ်းမိုး စီးဝင်ပြီးသည့်နောက် ယင်းသို့ ရွှေ့ပြောင်းပေးရခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ အိုထရော့ဂျီက ပြောကြားသည်။

တနင်္ဂနွေနေ့ ညဘက်မှောင်ရီပျိုးလာချိန်တွင် လူ ၇၅ ဦးကို ဘေးကင်းရာသို့ ရဟတ်ယာဉ်များဖြင့် သယ်ဆောင်ပေးခဲ့ပြီး ဒေသခံ ၃၅၀ တို့ကို နောက်ထပ် ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း၊ အချို့သောဒေသခံများသည် ရေလွှမ်းမိုးရာဒေသအနီးရှိ ကုန်းမြင့်ပေါ်တွင် တစ်ညတာ နေထိုင်ရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရသူ မရှိကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားထံမှ စစ်ဘက်ဆိုင်ရာပစ္စည်းများ ဗင်နီဇွဲလားဝယ်ယူမည်

ကရာကတ်စ် ဩဂုတ် ၁၈

ဗင်နီဇွဲလားအစိုးရက ရုရှားနိုင်ငံမှ စစ်ဘက်ဆိုင်ရာပစ္စည်းများဝယ်ယူရန် အဆင်သင့်ဖြစ်နေကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ပြောကြားပြီး ယင်းပစ္စည်းများဝယ်ယူရန်အတွက် ရုရှားနှင့် ညှိနှိုင်းရာတွင် အခက်အခဲများရှိနေသည်ဟူသည့် သတင်းများကို ပယ်ချလိုက်သည်။

ရုရှားမှ စစ်ဘက်ဆိုင်ရာ ပစ္စည်းများသည် ဂွိုင်ရာဆိပ်ကမ်းနှင့် ကာဘယ်လိုဆိပ်ကမ်းသို့ ရောက်ရှိလာမည်ဟု ချာဗက်ဇ်က တနင်္ဂနွေနေ့ ရေဒီယိုအစီအစဉ်မှ ကြေညာခြင်းဖြစ်သည်။

ဗင်နီဇွဲလားအစိုးရက ရေငုပ်သင်္ဘောများ ဝယ်ယူရန်အတွက်လည်း ချိန်ဆနေကြောင်းနှင့် ရုရှားလေယာဉ်များဖြင့် ဗင်နီဇွဲလားဝေဟင်နှင့် ရေပြင်ပိုင်နက်ကို စောင့်ရှောက်မည်ဟု ချာဗက်ဇ်က ပြောကြားသည်။

ဗင်နီဇွဲလား လေယာဉ်မှူးများအား လေ့ကျင့် သင်တန်းပေးရန်အတွက် လေယာဉ်များဝယ်ယူရန် ဗင်နီဇွဲလားအစိုးရက ညှိနှိုင်းနေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန်အစိုးရက စစ်ဘက်ဆိုင်ရာ လေယာဉ်ပစ္စည်းများ ဖြည့်ဆည်းပေးမှုကို ပိတ်ပင်ခဲ့သဖြင့် ရုရှားမှ စစ်ဘက်ပစ္စည်းများဝယ်ယူရန် စီစဉ်ခြင်းဖြစ်သည်ဟုဆိုသည်။

မိမိတို့က ဆူခွိုင်း တိုက်လေယာဉ်များ ဝယ်ယူရရှိခဲ့ကြောင်း၊ ယခုအခါ မိမိတို့ရေပြင်ပိုင်နက်တွင် ကင်းလှည့်ရန်အတွက် ရုရှားရေငုပ်သင်္ဘောများ ဝယ်ယူရန်စဉ်းစားနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ကျောင်းများရှိ ကျောင်းသားများအတွက် စာရေးကိရိယာလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဒါးပိန်မြို့ရှိ ဘုန်းတော်ကြီး သင် ပညာရေးကျောင်းနှင့် လှည်းကူးသခွတ်ပင် အလကတို့ရှိ နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအတွက်ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်ဆေးတိုက်)၊ ကိုကျော်သူလင်း-မနှင်းနှင်းထိုက်(ချမ်းငြိမ်းခင် ဆန်စက်ဘရိတ်တုံး)၊ ဦးတင်မောင် (စန္ဒီပရဆေး)၊ ကိုမင်းမင်းဦး (အရဟံဆေးဆိုင် မင်္ဂလာဈေး)တို့နှင့် နှလုံးလှု အလှူရှင်များ စုပေါင်း၍ ရှစ်နှစ်မြောက် အလှူဒါန၏ ပထမအကြိမ် လှူဒါန်းခြင်းအဖြစ် ငွေ ၁၀၃၄၉၇၅ကျပ်တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် အသုံးအဆောင် ပစ္စည်းများကို ဩဂုတ်၁၇ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ရှေးဦးစွာ ဒါးပိန်မြို့ရှိ ပိတောက်မြိုင် ဓမ္မရိပ်သာကျောင်း (ဇောတိကာရုံတိုက်ခွဲ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဩဘာသထံ ငွေ ၃၀၇၉၂၅ ကျပ် တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများနှင့် စာရေးကိရိယာများကို လှူဒါန်းကြသည်။ ဆက်လက်၍ ဒါးပိန်မြို့ မြို့မ မူလတန်းလွန်ကျောင်းသို့ ငွေကျပ် ၆၄၉၅၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို လည်းကောင်း **(အောက်ပုံ)**၊ ဒါးပိန်မြို့ရှိ နွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ငွေ ၃၈၇၇၅ကျပ်တန်ဖိုးရှိ စာရေးကိရိယာများကို လည်းကောင်း၊ လှည်းကူးသခွတ်ပင် အလကရှိ နွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအတွက် ငွေ ၃၈၇၇၅ကျပ်တန်ဖိုးရှိ စာရေးကိရိယာများကို လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြသည်။ ၂၀၀၈ခုနှစ်တွင် အလှူဒါနများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ရာ အလှူငွေနှင့် စာရေးကိရိယာများ လှူဒါန်းလိုသော စေတနာရှင်တို့သည် ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇နှင့် ကိုကျော်သူလင်း ဖုန်း-၀၉၅၁၇၁၄၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြန်မာနိုင်ငံဒေသအချို့၌မြစ်ရေချောင်းရေများမြင့်တက်မှုရှိခဲ့ ပျက်စီးသွားသော လယ်မြေအနည်းငယ်အား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးစီမံထားရှိ ရေကျသွားသောနေရာအချို့၌ စပါးများ ပြန်လည်စိုက်ပျိုးနေ

နေပြည်တော် ဩဂုတ် ၁၉

မန္တလေးတိုင်း မိုးကုတ်မြို့နယ် တောင်ပေါ်ဘော်ဗဒန်းကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၁၆ရက် ည ၁၀နာရီ ၄၅မိနစ်ခန့်တွင် မြေပြိုပြီး ဦးညွန့်ရှိန်၏ နှစ်ထပ်အိမ်ပေါ်သို့ မြေများပိကျခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် အိမ်ရှင် ဦးညွန့်ရှိန် အပါအဝင် မိသားစု ငါးဦး၊ ဧည့်သည်တစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်းသိရသည်။

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ဩဂုတ် ၁၂ရက် နံနက် ၆နာရီတွင် မြစ်ရေ မြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်ငါးခုနှင့်ကျေးရွာတစ်ရွာတို့တွင် ရေများဝင်ရောက်မှုရှိခဲ့ကြောင်း၊ ဘားအံ-ဇာသပြင်ကားလမ်းနေရာအချို့နှင့်ဘားအံ-မြိုင်ကလေး ကားလမ်းနေရာအချို့တို့၌ရေနစ်မြုပ်မှုများ ရှိခဲ့ကြောင်း၊ လှိုင်းဘွဲ့မြို့နယ်၌ သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာ သုံးရွာသို့ ရေများ ဝင်ရောက်မှုရှိခဲ့ကြောင်း၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ဟောင်သရောမြစ်ရေ မြင့်တက်မှုကြောင့် ကျုံဒိုးမြို့ အမှတ် (၃)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ရှိခဲ့ကြောင်း၊ ကြာအင်းဆိပ်ကြီးမြို့တွင် ဇမိမြစ်ရေ မြင့်တက်မှုကြောင့် အမှတ် (၆)ရပ်ကွက်အတွင်း ရေဝင်ရောက်ခဲ့မှုများ ရှိခဲ့ကြောင်း သိရသည်။

ပဲခူးမြို့၌ ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်ကိုးခုနှင့် ကျေးရွာတစ်ရွာတို့သို့ ရေများဝင်ရောက်ခဲ့ပြီး ပဲခူးမြို့အတွင်း ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၄၉/၁-၂)ကြား၌ အရှည် ၁၅ ပေခန့်တွင် တစ်ပေခန့် ရေမြင့်တက်မှုရှိခဲ့သော်လည်း ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း၊ ပဲခူးမြို့ရှိ ရန်ကုန်-မန္တလေး ရထားလမ်း(အစုန်)လမ်း မိုင်တိုင် (၄၆/၁၇-၂၄) နှင့် အစုန်အဆန်လမ်း မိုင်တိုင် (၄၉/၈-၉) ကြား နေရာအချို့၌ ဇလီဖားတုံးများ ရေနစ်မြုပ်လျက်ရှိသော်လည်း ရထားများ အရှိန်လျှော့ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ ဩဂုတ် ၁၃ ရက် ညနေပိုင်းမှစ၍ဩဂုတ်၁၄ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းရေမြင့်တက်လာပြီး မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ကျေးရွာလေးရွာရှိ အနိမ့်ပိုင်းနေရာများသို့ ရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်း ရေကြည်မြို့နယ်အတွင်း ဩဂုတ် ၁၃ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေမြင့်တက်ပြီး အမှတ် (၁) ရပ်ကွက်အတွင်းရေများ ဝင်ရောက်ခဲ့ကြောင်း၊ ကျောင်းကုန်း-အိမ်မဲ ကားလမ်းနေရာအချို့နှင့် ဂုံမင်း-ဒါးကဘူတာကြားနေရာအချို့ရှိရထားလမ်းပေါ်၌ ရေမြင့်တက်မှုများ ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အိမ်ထောင်စုအချို့အား ရွှေ့ပြောင်းနေရာချထားပေးရခြင်း၊စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရခြင်းများ ရှိခဲ့ကြောင်း၊ ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိခဲ့သော်လည်း လူနှင့် ကျွဲနွားတိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း၊ လယ်မြေပျက်စီးမှု အနည်းငယ်ရှိခဲ့သော်လည်း အစားထိုးဖာထေးနိုင်ရေးအတွက် ပျိုးပင်များကို လည်းကောင်း၊ အသစ်စိုက်ပျိုးနိုင်ရေးအတွက် မျိုးနှင့်မျိုးစပါးများကို လည်းကောင်း အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အဆင့်ဆင့်စီမံဆောင်ရွက်ထားပြီး ယခုအခါ ရေပြန်ကျသွားပြီဖြစ်၍ လယ်မြေများတွင် စပါးများပြန်လည်စိုက်ပျိုးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့၊ သဘာဝတောတွေထိန်းသိမ်းစို့

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်းမှ ဝါတွင်းဝိပဿနာသတိပဋ္ဌာန်တရား သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၉

အပြည်ပြည်ဆိုင်ရာဓမ္မစက္ကဖောင်ဒေးရှင်း (IDF) ၏ ဝါတွင်းကာလ ဝိပဿနာသတိပဋ္ဌာန်အခြေခံ ရှုမှတ်နည်းသင်တန်းကို မေတ္တာအခါတော်နေ့က မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံရှေ့ရှိ အသောကာရာမ ရွှေဟသာရေလယ်တိုက်သစ်၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ဓမ္မစက္က ဆရာဦးမောင်မောင်က ဘဝနေနည်းဓမ္မပညာနှင့် အခြေခံလက်တွေ့ တရားရှုမှတ်နည်းများကို သင်ကြားပေးပြီး အပတ်စဉ် ဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီတွင် စတင်ပို့ချမည်ဖြစ်သည်။ ဓမ္မအကျိုးဆောင်လုပ်ငန်းများတွင် ပါဝင်ကူသိုလ်ယူ လှူဒါန်းလိုသူများနှင့် ဓမ္မသင်တန်းတက်ရောက်နာယူလိုသူများ၊ ဖိတ်ကြားလိုသူများသည် အသောကာရာမ ရွှေဟသာရေလယ်တိုက်သစ်၊ IDF စာတိုက်သေတ္တာအမှတ် ၁၉၊ ဗဟိုစာတိုက်ကြီး၊ ဓမ္မရောင်ခြည် စာပေတိုက် ၇၂၇ (က)မာယဂလမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပနှင့် ဖုန်း-၀၉၅၁၂၇၃၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မုတ်သုံလေ အများအားဖြင့် အားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၂ဒသမ ၃၇လက်မ၊ ခန္တီးမြို့တွင် ၄ဒသမ၉၂လက်မ၊ စစ်တွေမြို့တွင် ၃ဒသမ၆၂လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ) တွင် ၃ဒသမ ၁၁လက်မ၊ ဘားအံမြို့တွင် ၃ဒသမ၀၃လက်မ၊ တောင်ကုတ်မြို့တွင် ၂ဒသမ၉၅လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၅၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၄၀လက်မ၊ ရန်ကုန်မြို့လယ်နှင့် သထုံမြို့တို့တွင် ၂ဒသမ၂၈လက်မစီ၊ မော်ဘီမြို့တွင် ၂ဒသမ၂၁လက်မနှင့် ကျောက်တော်မြို့တွင်၂ဒသမ၀၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၂၀ရက် ညနေထိ ခန့်မှန်းချက် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ၆ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) ၁၈-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၁၉ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်)	၁၉-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	၁၉-၈-၂၀၀၈
နေပူသည့်နာရီပေါင်း မရှိပါ	၁၈-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၉-၈-၂၀၀၈	၇၉မမ (၃ဒသမ၁၁လက်မ)	၆၁မမ (၂ဒသမ၄၀လက်မ)	၅၈မမ (၂ဒသမ၂၈လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၉၉၄မမ (၇၈ဒသမ၅၀လက်မ)	၂၂၃၃မမ (၈၇ဒသမ၉၁လက်မ)	၂၆၁၅မမ (၁၀၂ဒသမ ၉၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၈-၂၀၀၈ ရက် ၁၂း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ဒက္ခိဏာရာမိက ပိမာန်တော်ကြီး

ကျိုက်မရောမြို့၊ ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်း အလျား ၁၃၅ပေ၊ အနံပေ၇၀ရှိ ဒက္ခိဏာရာမိက ပိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိရာ အလှူရှင်များအနေဖြင့် အောက်ပါအစီအစဉ်အတိုင်း ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။	အခင်းကြွေပြား	၁၀'×၁၀'	(၁)ကွက်	၁၀၀၀၀၀၀
၂။	တိုင်	(၁)လုံး		၃၀၀၀၀၀
၃။	ကျောက်စရစ်(၃)ကျင်းပါကား		(၁)စီး	၁၀၀၀၀၀
၄။	အခန်း	(၁)ခန်း		၁၅၀၀၀၀
၅။	အုတ်	(၁၀၀၀)ချပ်		၅၀၀၀၀
၆။	သဲ(၄)ကျင်းပါကား	(၁)စီး		၅၀၀၀၀
၇။	သွပ်	(၁)ချပ်		၁၅၀၀၀
၈။	ဘိလပ်မြေ	(၁)အိတ်		၇၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောနေရာများ-

၁။ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ ဘုရားကြီးကျောင်းတိုက် ကျိုက်မရောမြို့။ ဖုန်း- ၀၉-၅၃၂၂၅၄၂

၂။ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့၊ ကျိုက်မရောမြို့ ဖုန်း-၀၉-၈၇၀၂၀၄၆

၃။ ဦးခင်အောင် Royal Aluminium ကျိုက်မရောမြို့နယ်အသင်း ဖုန်း-၀၉-၅၁၀၀၂၈၉

၄။ ဦးမြင့်အောင် မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲ(၁၉၉)ကျိုက်မရောမြို့၊ ဖုန်း-၀၉-၅၀၄၀၈၁၃

ချင်းတွင်းမြစ်ရေနှင့် စစ်တောင်းမြစ်ရေအခြေအနေ

(ဩဂုတ် ၁၉ ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန်တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၂၇၉စင်တီမီတာသို့ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

ထို့အတူ ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀သို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

အလားတူ မော်လိုက်မြို့တွင် စင်တီမီတာ၁၂၄၀သို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း တစ်ပေခန့် ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် ကလေးဝမြို့တွင် ၁၅၂၃စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ၁၅၅၀သို့ရောက်ရှိနိုင်ကြောင်း။

မုံရွာမြို့တွင်၉၄၆စင်တီမီတာသို့ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ၁၀၀၀သို့ ရောက်ရှိနိုင်ကြောင်းသိရှိရသည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၈၅စင်တီမီတာသို့ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ ၆၀၀အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။(သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၉

"တိုးတက်ဖြစ်ထွန်းလာနေသော မြန်မာ-တရုတ်ဆက်ဆံရေး" အပေါ် ပညာရှင်ကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ ထင်မြင်သုံးသပ်ချက်များ စုံလင်စွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ် (၃၂)ထွက်ရှိလာသည်။

ထို့အပြင် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းကြီးနှစ်ခုကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကြီးများအဖြစ် အဆင့်မြှင့်တည်ထောင်မည်၊ နိုင်ငံပေါင်း ၂၈နိုင်ငံပါဝင်သည့် သဘာဝဘေးကြိုတင်သတိပေးရေးဗဟိုဌာနတည်ဆောက်ရန် စီစဉ်နေ၊ ဂျပန်ယန်း သန်းရာကျော်အကုန်ခံ၍ မြန်မာ-ဂျပန် နို့စားနွားမွေး/ကုစီမံကိန်းလုပ်မည်၊ ရောဂါကြီးခြောက်မျိုးကာကွယ်ဆေးသိုလှောင်အအေးခန်းကြီး တည်ဆောက်၊ မြန်မာ့လယ်ယာနှင့်စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ရှာဖွေရန် ကူဝိတ်အဆင့်မြင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့လာမည်၊ သွေးတိုးဝဖြိုး၍ သကြားဓာတ်များသူများ သတိထား၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ"ကြော်ငြာများ" အကြောင်းစသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

စင်ကာပူတွင် လုပ်သားအင်အားလျှော့ချခံရမှု ဘာကြောင့်များလာ၊ အိုလံပစ်အားကစားပွဲစတင်သည့် ရှစ်ဂဏန်းနေ့ရက်တွင် စုံတွဲများစွာ လက်ထပ်၊ ဘလူးစ်ဂီတပါရမီရှင်ဖြစ်လာသည့် အသက်ရှစ်နှစ်အရွယ်ကလေးငယ်တစ်ယောက်အကြောင်း၊ ဝန်ပင့်စက်အကူအညီနဲ့ အပျော်ခရီးထွက်တဲ့ လူဝကြီး၊ သွေးတိုးကျလိုသူများ ကြက်သွန်ဖြူနေ့တိုင်းစား၊ "ဇနီးဖြစ်သူ သေဆုံးမှုတွင်ခင်ပွန်းသည်ကို လူသတ်မှုမသက်သာသူအဖြစ်စွဲချက်တင်" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။ (သတင်းစဉ်)

အတည်ပြုအချိန် ၃း၄၀

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့က Mr. Ibrahim Agboola Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရှင်းလင်းပြောကြား

နံနက်ပိုင်းကလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari နှင့် အဖွဲ့သည် ရန်ကုန်တိုင်း လေဘေးသင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုလေ့လာရန် ကွမ်းခြံကုန်းမြို့ရှိ ပြန်လည်ထူထောင်ရေးဗဟိုစခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ခိုင်သိန်းက ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Mr.Gambari နှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် တောချောင်းကျေးရွာ ကွင်းအမှတ်-၃၆၄ ၌ မိုးစပါးစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ထန်းတောကျေးရွာ၌ လေဘေးသင့်မိသားစုများအတွက် ပြန်လည်တည်ဆောက်ပေးထားသော နေအိမ်များတွင် မိသားစုအလိုက် နေထိုင်နေမှုကို လည်းကောင်း၊ ညောင်ငူကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းအသစ် ပြန်လည်တည်ဆောက်နေမှုနှင့် ယာယီစာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

ဒေါက်တာလွင်ကို၏
“နေ့အိပ်မက်များ ထင်ရှားဖြစ်ပြီ” (ဆောင်းပါး)
စာမျက်နှာ-၆

ပေကျင်း အိုလံပစ်ပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားတို့ အနိုင်ရပြီး ဗိုလ်လုပွဲတက်ပြီ။
(သတင်း) စာမျက်နှာ-၁၁